မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၄၅)

(၆၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

လားရှိုးမြို့ ရန်အောင်မြင်စေတီ ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်အောင်မြင်ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၄ရက် နံနက် ၉နာရီခွဲက ရန်အောင်မြင်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်နှင့် ဇနီးနှင့် ပရိသတ်တို့က လားရှိုးမြို့ မဟာဗောဓာရုံကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာရဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး လားရှိုးမြို့ မန်ဆူဘုရားကြီးကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရား နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသော အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းသို့ ILBC မှ သိပ္ပံလက်တွေ့ခန်းသုံး ဓာတ်ခွဲခန်းပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ပေးအပ်

ထို့နောက် ILBC မှ မန်နေးဂျင်း ဒါရိုက်တာ ဦးတင်မောင်ဝင်းက ဓာတ်ခွဲခန်းပစ္စည်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ငွေကျပ်သိန်း၅၀ တန်ဖိုးရှိ သိပ္ပံလက်တွေ့ခန်းသုံး ဓာတ်ခွဲခန်းပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးများဖြစ်ကြသည့် ဦးတင်ရွှေနှင့် ဒေါ်ရွှတ်အိသန်နန်းစောနန်းတို့က *စာမျက်နှာ ၉ ကော်လံ ၁* ❐

ကင်းတားရေလွှဲဆည် လက်ဝဲမြောင်း ရေထိန်းတံခါး

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ကင်းတားရေလွှဲဆည် လက်ဝဲမြောင်း ရေထိန်းတံခါးများကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မြစ်သားမြို့နယ် ကင်းတားရေလှောင်တမံ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၇ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း မြစ်သားမြို့နယ် ကင်းတားရေလှောင်တမံ၌ လက်ဝဲမြောင်းအတွင်း ရေအပြည့်အဝ ပေးလွှတ်နိုင်ရေး အထူးပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် ကင်းတား ဓာတ်အားပေးစက်ရုံသို့ရောက်ရှိရာ စက်ရုံမှူး ဦးကျော်မြင့်က ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များ၊ ရေရရှိမှုအခြေအနေ၊ လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းအတွင်းသို့ ပို့လွှတ်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှု အဆင့်အဆင့်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်)

အခြေခံကောင်းများ အကျိုးရှိစွာအသုံးချ ဒေသဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီဆောင်ရွက်

မြန်မာနိုင်ငံတွင် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှု စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေခံကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။

ရခိုင်ပြည်နယ်သည် မြစ်ချောင်းများပေါများပြီး တောင်တန်းများနှင့်ကျယ်ပြန့်သည့် ပင်လယ်ပြင်တို့ ကာဆီးထားသည့်အတွက် အခြားသော ပြည်နယ်နှင့်တိုင်းများသာမက ဒေသတွင်းပါ လမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့ရသည်။

သဘာဝ ရေ၊ မြေ အခြေခံကောင်းများရှိပြီး ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည့်အတွက် နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီးအပြင် ရန်ကုန်-ကျောက်ဖြူလမ်းမကြီးများကို ဖောက်လုပ်ပေးခဲ့ရာ အခြားပြည်နယ်နှင့်တိုင်းများသို့ ခရီးပေါက်ခဲ့သဖြင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်လာပြီဖြစ်သည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မရှိမဖြစ်လိုအပ်လျက်ရှိရာ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာရေး ပညာရေးကဏ္ဍက အလေးထားဖော်ဆောင်ပေးလျက် ရှိသည်။

ကျောင်းသားလူငယ်များကို စာပေပညာထူးချွန်တတ်မြောက်ရုံသာမက လူမှုအဖွဲ့အစည်း အကျိုးအတွက် အထောက်အကူပြုရေး၊ နိုင်ငံ့သားကောင်းအရည်အသွေးနှင့် မျိုးချစ်စိတ်ဓာတ်ပြည့်စုံစေရေးအတွက်ပါ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ကျန်းမာရေးကဏ္ဍတွင် ရောဂါကုသပေးခြင်းအပြင် ပညာပေးခြင်းနှင့် ကြိုတင်ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ပြည်သူများ နားလည်သဘောပေါက်စေရန် စည်းရုံးပညာပေးမှုများ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက ရရှိဖြစ်ထွန်းနေသည့် အခြေခံကောင်းများကို အကျိုးရှိစွာအသုံးချပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်အတူ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက ဝယ်ယူရရှိပြီးသောမြေ၌ သံဃာ့သုခသုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကျေးဇူးရှင်ဖခင်ကြီးဦးသင်(မိတ္ထီလာ)အား ရည်စူး၍ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၃၀)ရပ်ကွက် ပိတောက်မြိုင်လမ်း ခြံအမှတ်(၁၈၈)နေ ဒေါ်သိန်းချစ်နှင့်သားသမီး၊မြေးတစ်စုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော်(ဆိပ်ဖြူ) အရှင်ကုမာရ(M.A) Thesis (မဟာမွှောစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို မတ်လတွင် ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုသူများသည် မမေမြတ်သောင်း ဖုန်း-၀၁-၅၇၀၃၇၂၊ ကိုမျိုးမင်းဦး ဖုန်း-၀၉-၉၉-၂၆၂၉၇၊ မခင်လတ်လတ်ထွန်း ဖုန်း-၀၉-၅၁-၁၆၅၄၄၊ မဝါဝါတင် ဖုန်း-၀၉-၅၁-၃၃၆၂၇၊ မထားအိဝင်း ဖုန်း-၀၉-၅၁-၀၂၆၆၈၊ ကိုဇော်မင်းလွင် ဖုန်း-၀၉-၅၁-၉၆၉၇၂၊ မပန်းဖြူမွေး ဖုန်း-၀၉-၉၉-၇၃၄၈၀၊ မခိုင်မျိုးဝင်း ဖုန်း-၀၁- ၅၃-၇၅၂၀၊ မအိအိဖြိုး ဖုန်း-၀၁-၅၄၃၅၉၉နှင့် မခိုင်သူဆွေ (အဝေးသင်)ဖုန်း-၀၁-၅၅၅၇၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၂-၂-၂၀၀၈(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၁၅	၄။	မဟာဂီတ ချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု သင်ခန်းစာပို့ချချက် (ဓာတုဗေဒ)
၅း၀၀	၇။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅း၂၀	၈။	အမျိုးသားရေးတေးကဗျာ
၅း၂၅	၉။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၃၀	၁၃။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနှင့်အတူ** (အပိုင်း-၂၀)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	စေညွှန်ရာလမ်းမများ **တက္ကစီမင်းနှင့် ရှင်မတောင်သနပ်ခါး**
	၂၀။	စိုက်ပျိုးသုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း-၃၅)

မော်လမြိုင်မြို့ ကမ်းနားလမ်းတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၉ရက်က မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း စစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးကျော်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (၀၁၄)

တွံတေးမြို့နယ် ကျွန်းတော(၇)လမ်း အမှတ်၂၆၉နေ ဗိုလ်ကြီးမြသိန်း (ငြိမ်း)၊ သား မောင်တင်အောင်သိန်းတို့အား ရည်စူး၍ ဒေါ်စန်းကြည် မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးအာဟာရ ပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်း လက်ခံယူစဉ်။ (က-ပ)

ဝါးခယ်မမြို့ မြူရုံးလမ်း ကတ္တရာခင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော မြူရုံးလမ်း (သံကြိုးတိုင်ရပ်ကွက်အပိုင်း) ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သူဇာထိုက်က ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (က-ပ)

ဦးအောင်လွင် တိတ်-ဒေါ်ကြည်အေးတို့အားရည်စူး၍အမှတ်၃၆ ကိုင်းတန်းလမ်း လမ်းမတော် မြို့နယ်နေ ဦးမင်းဒင် ဒေါ်ပြုံးကြည်၊ဦးထွန်းမြင့်-ဒေါ်အေးကြူ၊မြေး မနန္ဒာမွန် သားသမီး၊မြေးမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေး ရုံ ကြီး သို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင်နှင့် ခြောက်ထပ်ဆေးရုံသစ်ကြီးတို့အတွက် အလှူငွေကျပ်၅၃၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ သြဝါဒပါတိမောက်အခါတော်နေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ သြဝါဒပါတိမောက်အခါတော်နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မဟာစည်ဓမ္မာရုံတွင်ကျင်းပရာ ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် အတွင်းရေးမှူး ဦးမောင်မောင်ကြည်က သြဝါဒပါတိမောက်အခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို လျှောက်ထားတင်ပြသည်။ သံဃာတော်များနှင့် ဟိတေသီအဖွဲ့ဝင် ယောဂီများက သြဝါဒပါတိမောက်ပါဠိတော်များ၊ အနက် အဓိပ္ပာယ်များ၊ ရှစ်လုံးကဗျာများကို ညီညာဖြဖြ ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ သြဝါဒစရိယဆရာတော် ဦးကဝိဇ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) (အဂ္ဂမဟာပဏ္ဍိတ) အရှင်မြတ်က သြဝါဒပါတိမောက်တရားတော်ကို အကျယ်တဝင့် ဟောကြားတော်မူသည်။ **(အပေါ်ပုံ)** ရန်ကုန်မြို့ ရွှေဘိုမင်းသမီး သနပ်ခါးလုပ်ငန်းပိုင်ရှင် ဦးတင်မောင်(ဒေါ်မြကြည်)မိသားစုက ယောဂီကုန်၊ သံဃာကုန် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဒေါက်တာတင်မြင့်ခိုင်က အလှူရှင်များကို ဖတ်ကြားကြေညာပြီး ဂုဏ်ပြုလွှာချီးမြှင့်သည်။ ဆရာတော်ကြီးက အလှူရှင်အသီးသီး၏ ကုသိုလ်များကို ရေစက်ချ အမျှအတန်းပေးဝေကြသည်။ **(က-ပ)**

ကုန်သည်/ စက်မှုအသင်းချုပ်နှင့် မလေးရှားအဖွဲ့တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမောင်မောင်လေးနှင့် ဖိတ်ကြားထားသော အလုပ်အမှုဆောင်များအား ဖေဖော်ဝါရီ၁၉ ရက် မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ National University of Malaysia Alumini Association မှ ဥက္ကဋ္ဌ Dr.Muhammad Hussin နှင့် Maj(R)Amir Alias တို့သည် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။ တွေ့ဆုံဆွေးနွေးပွဲတွင် ၂၀၀၈ ခုနှစ် ဧပြီလအတွင်း ရန်ကုန်မြို့၌ Malaysian Education & Health Expo and Seminar ပူးပေါင်းကျင်းပလိုသည့်ကိစ္စ၊ စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိစ္စတို့နှင့်စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂)အခြေခံပညာဦးစီး ထမနဲထိုးပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန၏ နဝမအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကို ယမန်နေ့က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အမှတ်(၂)အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၏ စီမံဘဏ္ဍာ ပညာဌာန အသင်းများ၊ တိုင်းပညာရေးမှူးရုံး(မန္တလေး) ပြည်ကြီးတံခွန်၊ ချမ်းမြသာစည် မဟာအောင်မြေ၊ အောင်မြေသာစံနှင့် ချမ်းအေးသာစံမြို့နယ်တို့မှ မြို့နယ်ပညာရေးမှူးရုံးအသင်းများ စုစုပေါင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်က ပထမရ အောင်မြေသာစံမြို့နယ် ပညာရေးမှူးအသင်း ဒုတိယဆုရ အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ ပညာဌာနအသင်းနှင့် တတိယဆုရ ချမ်းအေးသာစံမြို့နယ် ပညာရေးမှူးအသင်းတို့အား ဆုများကိုပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

The Live News ဂျာနယ်အမှတ်(၇၂)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံးဖော်ပြ ထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၇၂)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာနိုင်ငံကူးလက်မှတ် လိမ်လည်လျှောက်ထားသူ တစ်ဦးအား အမှုဖွင့်စစ်ဆေးနေ၊ Taxi၊ လိုင်းကား၊ ကိုယ်ပိုင်မော်တော်ယာဉ်ပိုင်ရှင်များ ငွေလိုအပ်ပါက ဘဏ်၌ ချေးငွေထုတ်ယူနိုင်၊ မြန်မာ-တောင်ကိုရီးယား သုတေသနစင်တာ တည်ဆောက်ကာ နည်းပညာ ပူးပေါင်းဆောင်ရွက်မည်၊ ဆူနာမီသတိပေးသည့် စက်ရုံတစ်ရုံနှင့် ငလျင်တိုင်းတာရေးစက်ရုံ ၁၀ ခု တည်ဆောက်မည်၊ ညစာစားပွဲနှင့် အင်္ဂလိပ်စာ၊ ချာချီ၊ ကုက္ကိုင်းမှသည် ကမ္ဘာအေးဘုရားလမ်းဖြစ်သည်၊ တောင်ကြီးမြို့က ကဗျာစာဆိုများ၊ ဒီမိုးဒီလေ ဒီလူတွေနဲ့ ပါကစ္စတန်ရွေးကောက်ပွဲ၊ အိုဘားမားနှင့်ကနေဒီ၊ ပါကစ္စတန် သံအမတ်ပျောက်ဆုံးမှုကြီး၊ ဂျော့ဘုရှ်ရဲ့စံချိန်တွင် လိုငွေဘတ်ဂျက်၊ ဂျော်ဂျီယာအတိုက်အခံသမ္မတလောင်း၊ လန်ဒန်မြို့၌ ရတ်တရက် သေဆုံး၊ တက္ကစီမင်းနှင့် ဟဲဗီးဒင်နာ၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ သျှီ(အင်ကြင်း)၊ အာရှမိုး၊ မောင်နေလင်း၊ ဆြာစန်း၊ ရဲဇော်(ဧီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ဆက်သွယ်နိုင်

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စိတ်အမိုးလုံက ကောင်းကျိုးသုခရ၏

အမိုးလုံသောအိမ်တွင်းသို့ မိုးရေမိုးပေါက်ဖောက်မဝင်နိုင်သကဲ့သို့ ကုသိုလ်တရား ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းသော သူ၏ စိတ်ထဲသို့ ကိလေသာရာဂ ထိုးဖောက်မဝင်ရောက်နိုင်သဖြင့် ကောင်းကျိုးသုခ ခံစားကြရပေမည်။

(ဓမ္မပဒ ၁၄)

ခရမ်းမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာသို့ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၂)ရပ်ကွက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၄၀၆)တွင် ဖေဖော်ဝါရီ ၉ ရက် နံနက်က (၂၈)ကြိမ်မြောက် ရက်သတ္တပတ် တရားစခန်း ဖွင့်လှစ်ရာ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း (၄)လမ်းနေ ခြောက်သုံးလုံး ဒန်သတ္တုလုပ်ငန်းပိုင်ရှင်(သုဓမ္မမဏိဇောတဓရ) ဦးချစ်မောင်-ဒေါ်ခင်သန်းဌေး မိသားစုတို့က ဆွမ်းဒါနလှူဒါန်းခြင်း၊ ဓမ္မာရုံ ခြင်လုံသံဆန်ခါများတပ်ဆင်ခြင်း၊ ရေစင်ရေပိုက် တပ်ဆင်လှူဒါန်းခြင်း၊ တရားထိုင်ကော်ဇောများ လှူဒါန်းခြင်းအတွက် စုစုပေါင်းကုန်ကျငွေကျပ် ၁၇၇၇၇၂၇ကို မိုးကုတ်ဝိပဿနာရိပ်သာအကျိုးဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်စိုးထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

တရားပတ်များအတွင်း ဓမ္မရိပ်သာတွင် လိုအပ်လျက်ရှိသော ဆွမ်း၊ ဆေး၊ အချိုပွဲများ အာဟာရဒါနပြုလိုသူများ အဆောက်အအုံနှင့် အခြားဒါန အထွေထွေပစ္စည်းဒါန ပြုလိုသူများသည် ဖုန်း- ၀၁-၃၉၀၄၈၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဧီးကုန်းမြို့၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်း ဧီးကုန်းမြို့နယ်ခန်းမတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့မှကြီးမှူးဆောင်ရွက်ပြီး ၁၃၆၉ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ၁၈ရက် ည ၈ နာရီက ကျင်းပသည်။

ဂုဏ်ပြုဆုပေး

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ် စာနယ်ဇင်း အတွင်းရေးမှူး မင်းသွေးနွယ်(ဧီးကုန်း) က ဖတ်ကြားပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်စိုးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုး (အောင်စိုး-တိရစ္ဆာန်ဆေးကု ဆရာဝန်) က ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး စာပေပြိုင်ပွဲ ဆုရကြသည့် ဗိုလ်လောင်းလွင်ဘိုဘိုအောင်နှင့် ဓာတ်ပုံခင်ဇော်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ လေးဘာသာဂုဏ်ထူးရှင် မောင်မင်းသန့်ထွန်း၊ လူမှုထူးချွန် တတိယဆင့်ရရှိသူ ဒေါ်မြင့်မြင့်သောင်းတို့အား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ထပ်ဆင့်ဂုဏ်ပြုဆု ချီးမြှင့်ကြသည်။

ဟောပြော

ဆက်လက်၍ စာရေးဆရာကြီးများ ဖြစ်ကြသော မောင်မြင့်ကြွယ်(ဘဝအောင်မြင်ဖို့ စာဖတ်ကြစို့)၊ မောင်ခိုင်ခန့်(လူငယ်တိုးတက်ရေး)၊ သန်းထွန်း(စကု)၊ (ကဗျာထဲမှသီချင်း သီချင်းထဲမှကဗျာ)ခေါင်းစဉ်တို့ဖြင့် သုတ ရသ အဖြာဖြာစာပေရေးရာများ ဟောပြောကြသည်။ **(က-ပ)**

မရမ်းကုန်း ဘုရင့်နောင်ဈေးကြီး မီးဘေးကာကွယ်ရေး သရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီးတွင် ခရိုင်မှူး(မြောက်ပိုင်းခရိုင်ဈေးများဌာန)၏ စီစဉ်မှုဖြင့် မီးဘေးကာကွယ်ရေး၊ ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ဖေဖော်ဝါရီ၂၀ ရက်က အဆိုပါဈေးကြီး၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဈေးသာယာရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လွင်က ဆောင်ရွက်ပြီး ဈေးများဌာန ဌာနခွဲမှူး ဦးအောင်နိုင်ထွေး **(အောက်ပုံ)** မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲကျော်သူစိုးနိုင်တို့က အမှာစကားပြောကြားကြသည်။

လက်တွေ့မီးငြိမ်းသတ်

ထို့နောက် မီးသတ် လက်တွေ့သရုပ်ပြသပွဲကျင်းပရာ ဘုရင့်နောင်မီးသတ်ဦးစီးမှူး ဦးကျော်မြင့်ရီ ဦးဆောင်လျက် ဈေးတာဝန်ခံနှင့် စည်ပင်ဝန်ထမ်းများ၊ ဈေးသာယာရေးအဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများက ကိုယ်တိုင်လက်တွေ့ မီးငြိမ်းသတ်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

စင်ကာပူလေကြောင်းပြပွဲ ၂၀၀၈ ဖွင့်လှစ် နိုင်ငံနှင့်ဒေသ ၄၂ခုမှ ကုမ္ပဏီ၈၀၀ ပါဝင်ပြသ

စင်ကာပူ ဖေဖော်ဝါရီ ၂၁

စင်ကာပူလေကြောင်းပြပွဲ(**အပေါ်ပုံ**)ကို ဖေဖော်ဝါရီ ၁၉ရက်က စင်ကာပူနိုင်ငံ၌ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ ၂၀၀၆ခုနှစ်က ဟောင်ကောင်၌ အာရှလေကြောင်းပြပွဲ ဖွင့်လှစ်ခဲ့ပြီးနောက် ပထမဆုံး အာရှလေကြောင်းပြပွဲ ဖြစ်သည်။ စင်ကာပူလေကြောင်းပြပွဲ ၂၀၀၈သို့ ဝန်ကြီးချုပ်လီရှန်လွန်း တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

ပါဝင်ပြသ

အဆိုပါ လေကြောင်းပြပွဲသို့ နိုင်ငံနှင့်ဒေသ ၄၂ခုမှ ကုမ္ပဏီပေါင်း ၈၀၀ပါဝင်ပြသခဲ့သည်။ အများဆုံးပါဝင်ပြသသည့် ကုမ္ပဏီများမှာ ဖောဘက်လေကြောင်းကုမ္ပဏီ ၁၀၀ရှိရာတွင် ၅၉ခု ပါဝင်ပြသခဲ့သည်။

ထုတ်ကုန်ပစ္စည်း

ယင်းလေကြောင်းပြပွဲနေရာသည် စတုရန်းမီတာ ၄၀၀၀ကျယ်ဝန်းသည်ဟုဆိုသည်။ စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ၂၀၀၇ခုနှစ်အတွင်း စင်ကာပူနိုင်ငံ၏ လေကြောင်းထုတ်ကုန်ပစ္စည်း ဒေသမ၉ ဘီလီယံဖိုး ထုတ်လုပ်ရောင်းချခဲ့ကြောင်း ကြေညာသည်။

ဆွဲဆောင်ထား

စင်ကာပူအစိုးရသည် မကြာမီနှစ်များက ဆီလ်လက်တာအရပ်၌ ဟက်တာ ၃၀၀ ကျယ်ဝန်းသော လေကြောင်းဆိုင်ရာ ပစ္စည်းပြခန်းကြီးကို ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့သည်။ ယင်းပြခန်းကြီးသည် ထိပ်တန်းလေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီများအား ဆွဲဆောင်ထားသည်။

စင်ကာပူနိုင်ငံက လေကြောင်းပြပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြင့် လေကြောင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု စင်ကာပူဒေါ်လာ သန်း၅၀၀(အမေရိကန်ဒေါ်လာ၃၅၅သန်း)အထိ လာရောက်ရင်းနှီးမြှုပ်နှံရန် မျှော်လင့်ထားသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စပိန်နိုင်ငံ၏ ပထမဆုံးသော ကျည်ဆန်ရထား ဘာစီလိုနာနှင့် မက်ဒရစ်မြို့အကြား ပြေးဆွဲ

မက်ဒရစ် ဖေဖော်ဝါရီ ၂၁

စပိန်နိုင်ငံ၏ ပထမဆုံးသော ကျည်ဆန်အမြန်ရထား ပြေးဆွဲခြင်းကို ဖေဖော်ဝါရီ ၂၀ရက်က စတင်ပြေးဆွဲပြီဖြစ်သည်။ အဆိုပါ ကျည်ဆန်ရထားသည် စပိန်နိုင်ငံ မက်ဒရစ်မြို့နှင့် ဘာစီလိုနာ မြို့ကြီးနှစ်မြို့အကြား ပြေးဆွဲခြင်း ဖြစ်သည်။

နေ့စဉ်ပြေးဆွဲ

ယင်းရထားသည် တစ်နာရီလျှင် ၁၈၆မိုင်နှုန်း ခုတ်မောင်းနိုင်ပြီး တွဲပေါင်း ၁၇တွဲ ပါဝင်သည်။ လူပေါင်း ၂၀၀ကျော် စီးနင်းလိုက်ပါနိုင်ပြီး မြို့ကြီးနှစ်မြို့အကြား နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရထားခမှာယူရို ၁၈၀ဖြစ်ပြီးယင်းရထားပြေးဆွဲခြင်းသည် လေကြောင်းခရီးစဉ်များနှင့် ပြိုင်ဘက်ဖြစ်လာကြောင်း မက်ဒရစ်မြို့မှ ဒန်နီရှဒ်ဆိုသူက ပြောကြားသည်။

ကျည်ဆန်ရထား

ယင်း ကျည်ဆန်ရထားပြေးဆွဲနိုင်ရန် လွန်ခဲ့သောအနှစ်၂၀က ဘာစီလိုနာနှင့် မက်ဒရစ်မြို့တို့ အကြား ရထားလမ်းကို ဖောက်လုပ်ခဲ့သည်ဟု ဆိုသည်။

စပိန်နိုင်ငံ၏ ပထမဆုံးကျည်ဆန်ရထားကို ဖေဖော်ဝါရီ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာအနှံ့

စပိန်နိုင်ငံ၏ပထမဆုံးသော အမြန်ရထားကို ၁၉၉၂ ခုနှစ်က မက်ဒရစ်မြို့နှင့် ဆီဗီလာမြို့တို့အကြား ခုတ်မောင်း ပြေးဆွဲခဲ့သည်။ စပိန်နိုင်ငံ၏ အမြန်ရထားများသည် ၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘာအနှံ့ရှိ မီးရထားများထက် ပို၍ မြန်ဆန်အောင် ပြေးဆွဲပေးနိုင်မည်ဖြစ်ကြောင်း စပိန်အစိုးရက ပြောကြားသည်။

(အင်တာနက်)

အာဖရိကနိုင်ငံများ၏ စွမ်းအင်ကဏ္ဍ တိုးမြှင့်ဆောင်ရွက်မည် ဆို

အယ်လ်ဂျီးယားစ် ဖေဖော်ဝါရီ ၂၁

အာဖရိကနိုင်ငံများဆိုင်ရာ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကို ဖေဖော်ဝါရီ ၁၈ရက်တွင် အာဖရိကစွမ်းအင်ဆိုင်ရာ ကော်မရှင်(အေအက်ဖ်အာရ်အီးစီ)နိုင်ငံစုံ ကုမ္ပဏီကြီးတစ်ခု တွေ့ဆုံစည်းဝေးပွဲတစ်ရပ် ကျင်းပခဲ့သည်။

တိုးမြှင့်ဆောင်ရွက်

အဆိုပါ လုပ်ငန်းစီမံကိန်းကို (အေအက်ဖ်အာရ်အီးစီ)နိုင်ငံများ အပါအဝင် ရေနံရောင်း(အိုပက်)အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အယ်လ်ဂျီးရီးယား၊ အင်ဂိုလာ၊ လစ်ဗျားနိုင်ငံနှင့် နိုင်ဂျီးရီးယားတို့ ပူးပေါင်းကာ စွမ်းအင်ကဏ္ဍတိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

အာဖရိကနိုင်ငံများအတွင်း ဆယ်စုနှစ်သုံးစုတာ ကာလထက် စွမ်းအင်လုပ်ငန်း မြှင့်တင်ဆောင်ရွက်မှုကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ကမ္ဘာ့ရေနံထုတ်လုပ်မှု ပမာဏထက်သာလွန်အောင် ထုတ်လုပ်ရန် ရည်ရွယ်ထားရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်နှင့်မိုဆူးလ်တို့တွင် ဗုံးခွဲတိုက်ခိုက်၊ ဖေဖော်ဝါရီလ၌ ကန်တပ်ဖွဲ့ဝင် ၂၂ဦး သေဆုံး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဖေဖော်ဝါရီ ၂၀ ရက်က ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အပျက်အစီးများအား စစ်ဆေးနေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၁

ဘဂ္ဂဒက်မြောက်ဘက် မစ်ဒါလီယာအရပ်၌ ဖေဖော်ဝါရီ ၂၀ရက်က အသေခံဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွား၍ အနည်းဆုံးခုနစ်ဦးသေဆုံးသွားကြောင်း အီရတ်တာဝန်ရှိသူများက ပြောကြားသည်။

တိုက်ခိုက်မှုတစ်ရပ်

အီရတ်မြောက်ပိုင်း မိုဆူးလ်မြို့၌လည်း တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားရာ အီရတ်ရဲတပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့ရသည်။ ဆီးရီးယားနယ်စပ် တာလ်ဖာ၌လည်း ကားဗုံးခွဲ တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ အမျိုးသမီးတစ်ဦး သေဆုံးသွားခဲ့သည်။

သုံးဦးသေဆုံး

ဖေဖော်ဝါရီ ၂၀ ရက်ကဘဂ္ဂဒက်မြို့၌ လမ်းဘေးထောင်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အမေရိကန် တပ်ဖွဲ့ဝင် သုံးဦးသေဆုံးသွားကြောင်း စစ်ဘက် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ရေးသားဖော်ပြ

ဖေဖော်ဝါရီလအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုမှာ၂၂ဦးအထိ ရှိလာကြောင်း မီဒီယာများက ရေးသားဖော်ပြသည်။

ဒုံးပစ်လောင်ချာ

ဘဂ္ဂဒက်အရှေ့ပိုင်း၌ဖေဖော်ဝါရီ ၁၉ရက်က ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင် ၁၅ဦး သေဆုံးပြီး ၄၅ဦး ဒဏ်ရာရရှိ သွားသည်။အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် နေ့စဉ်နှင့်အမျှ ဗုံးခွဲတိုက်ခိုက်ခံရမှုများကြောင့် ၎င်းတို့၏ အသက်အန္တရာယ်အတွက် စိုးရိမ်လျက်ရှိသည်။

(အင်တာနက်)

ဘဝအမောပြေ

လေယာဉ်မှူးဆိုတာ . . .

လေကြောင်းလိုင်းတစ်ခု၌ လေယာဉ်မှူးရာထူးအတွက် လူတွေ့လာရောက်ဖြေဆိုသူတစ်ဦးကို စစ်ဆေးရေးအရာရှိက မေးမြန်းလေသည်။

အရာရှိ ။ ။ လေယာဉ် ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်ပါသလား။

ဖြေဆိုသူ ။ ။ ဟုတ်ကဲ့။

အရာရှိ ။ ။ လေယာဉ် အရေးပေါ်ဖြစ်ရပ် တွေ့ကြုံခဲ့ရင်ကော စီမံလုပ်ကိုင်တတ်ရဲ့လား။

ဖြေဆိုသူ ။ ။ ဟုတ်ကဲ့။

အရာရှိ ။ ။ ကောင်းပြီ၊ လေယာဉ်မြေပြင်ကို အရှိန်နဲ့ထိုးဆင်းနေပြီဆိုရင် ဘာလုပ်မလဲ။

ဖြေဆိုသူ ။ ။ တွဲဖက်လေယာဉ်မှူးကို စက်သတ်ခိုင်းလိုက်ပါ့မယ် . . .

ကနေဒါ တိုရွန်တိုမြို့၌ မီးလောင်မှုဖြစ်ပွား

တိုရွန်တို ဖေဖော်ဝါရီ ၂၁

ကနေဒါနိုင်ငံ တိုရွန်တိုမြို့ရှိ လူစည်ကားရာရပ်ကွက်တွင် ဖေဖော်ဝါရီ ၂၀ရက်က မီးလောင်မှု(ယာပုံ)ဖြစ်ပွားခဲ့သဖြင့် အဆောက်အအုံ ၁၄လုံး မီးလောင်ကျွမ်းခဲ့ကြောင်း ကနေဒါသတင်းစာက ရေးသားဖော်ပြသည်။

မီးလောင်ကျွမ်းမှု၌ သေဆုံးသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း အနည်းငယ် ထိခိုက်ဒဏ်ရာရသူ တစ်ဦးသာရှိကြောင်း သိရသည်။

ကူးစက်လောင်ကျွမ်း

မီးလောင်ကျွမ်းမှုမှာ ယင်းနေ့ နံနက် ၅နာရီခန့်က တိုရွန်တိုမြို့ မြောက်ဘက်ပိုင်းရှိ သုံးထပ်တိုက်အဆောက်အအုံမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အနီးအနားရှိ အဆောက်အအုံများကိုပါ ကူးစက်လောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။

မီးလောင်ကျွမ်းရာသို့ မီးသတ်ယာဉ် အစီး ၃၀ ခန့်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ခန့်တို့ လာရောက် မီးငြိမ်းသတ်ခဲ့ကြောင်း၊ မီးစတင်လောင်ကျွမ်းသည့် အကြောင်းအရင်းကိုမူ မသိရှိရသေးကြောင်း မီးသတ်တပ်ဖွဲ့ အရာရှိတစ်ဦးက ပြောကြားသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

စိတ်စေရာနောက် လိုက်ခဲ့မိရာဝယ် ...

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

အီတလီနိုင်ငံသည် လူဦးရေ သန်း ၇၀ ကျော်ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ သဘာဝ အလှတရားများ ဖြင့် ပြည့်ဝပြီး ဗင်းနစ်မြို့နှင့် ဗင်းနစ် တူးမြောင်း၏ အလှကလည်း ကမ္ဘာ လှည့်ခရီးသွားများ မျက်စိကျစရာ တစ်ခုဖြစ်သည်။ ပက်စ်ကွာလီကွန် ဒယ်လိုသည် အီတလီနိုင်ငံ တောင် ပိုင်းရှိ လူသုံးသိန်းကျော်နေထိုင်သော ရက်ဂျီယို ကာလာဘရီယာ ဆိပ်ကမ်း မြို့ကလေးတွင် နေထိုင်သည်။ သူ၏ ဇာတိမြို့လည်းဖြစ်သည်။

ပက်စ်ကွာလီကွန်ဒယ်လို။

ကျောခိုင်းခဲ့

ကွန်ဒယ်လို၏ မိဘများမှာ ကုန် သည်များဖြစ်ကြသည်။ မိဘများက ခေတ်ပညာတတ်မြောက်ရေးအတွက် ပညာသင်ယူစေခဲ့သော်လည်း ကွန် ဒယ်လိုသည် ပညာရေးကို ဆုံးခန်း တိုင်အောင် မသင်ယူခဲ့ပေ။ မိဘများ ကြောင့် မတောင့်မတ မကြောင့်မကြ နေထိုင်ရသူ ကွန်ဒယ်လိုအဖို့ ပူပင် စရာ အလျဉ်းမရှိချေ။ ကွန်ဒယ်လို သည် တက္ကသိုလ်ဝင်တန်းအောင်ပြီး နောက်တွင် ပညာရေးကို ဆက်လက် မသင်ယူတော့ဘဲ မိဘများ တားမြစ် နေသည့်ကြားမှ ကျောခိုင်းခဲ့သည်။

အနိုင်ယူသွား

ကျောင်းထွက်ပြီးကာစတွင် ကွန် ဒယ်လိုသည် မိဘများ၏လုပ်ငန်းတွင် ခေတ္တမျှဝင်ရောက်ကူညီကာ အေးအေး ဆေးဆေးနေထိုင်ခဲ့သဖြင့် မိဘနှစ်ပါး အဖို့ စိတ်ချမ်းသာသလို ရှိခဲ့သည်။ နောက်ပိုင်းတွင် ကွန်ဒယ်လိုသည် အပေါင်းအသင်းများကာ လူပေါင်းစုံနှင့် ပေါင်းသင်းလာခဲ့တော့သည်။ ထိုအချိန် မှစပြီး ကွန်ဒယ်လိုသည် အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင် တော့ပေ။ ငွေကြေး အရင်းအနှီး များစွာ ဖြင့် ရင်းနှီးလုပ်ကိုင်ပြီး အကျိုးအမြတ် အသင့်အတင့်သာရသော မိဘများ၏ ကုန်သည်လုပ်ငန်းကို ၎င်းအနေဖြင့် စိတ်ဝင်စားမှု သိပ်မရှိလှပေ။ အကြောင်း မှာ ကွန်ဒယ်လိုသည် အရင်းအနှီးထက် အဆပေါင်းများစွာ မြတ်စွန်းသော ဒုစရိုက်နယ်မှ အရောင်းအဝယ်ကိုသာ လုပ်ချင်သည့်စိတ်က သူ့အားအနိုင်ယူ သွားပြီဖြစ်သောကြောင့်ဖြစ်သည်။

သိုသိပ်စွာလုပ်ကိုင်

ထိုအချိန်တွင် သူသည် ယင်းနယ် ထဲသို့ မြေစမ်းခရမ်းပျိုးကာ စတင် ဝင်ရောက် လုပ်ကိုင်နေပြီဖြစ်သော ကြောင့် သူ့အနေဖြင့် ငွေမြိုးမြိုးမြက် မြက်ရသော ယင်းလုပ်ငန်းအပေါ်တွင် သာယာနေကာ အခြားဘာကိုမျှ စိတ်ဝင်စားမှုမရှိတော့ပေ။ သူစိတ်ဝင် စားသောလုပ်ငန်းမှာ အခြားမဟုတ် ပေ။ မူးယစ်ဆေးဝါးဂိုဏ်းဖြစ်သည့် မာဖီးယားဂိုဏ်းဝင်များနှင့် ဆက်သွယ် ကာ မူးယစ်ဆေးဝါး ရောင်းဝယ်မှု ပြုလုပ်ခဲ့ခြင်းပင်ဖြစ်သည်။ ကွန်ဒယ် လိုသည် အဆိုပါ ဒုစရိုက်လုပ်ငန်းများ ကို မိဘများမသိအောင် သိုသိပ်စွာ လုပ်ကိုင်ခဲ့သည်။ ထို့ကြောင့် မိဘများ က သူ၏ မူးယစ်ဆေးဝါးရောင်းဝယ် မှုကို ရိပ်စားမိခြင်းမရှိခဲ့ပေ။

အထိန်းအကွပ်မဲ့

ကွန်ဒယ်လိုသည် အသက် ၂၀ ကျော်စ အရွယ်ကတည်းက မူးယစ် ဆေးဝါး ရောင်းဝယ်မှုကို လုပ်ကိုင်ရင်း နောက်ဆုံးတွင် မာဖီးယားဂိုဏ်းဝင် တစ်ဦး ဖြစ်လာခဲ့သည်။ ၎င်း၏အသက် ၃၀ ကျော်စတွင် မိဘနှစ်ပါး ဆုံးပါး သွားပြီးနောက် အထိန်းအကွပ်မဲ့သွား သော ကွန်ဒယ်လိုသည် ဒုစရိုက်နယ် အတွင်းသို့ ခြေစုံပစ်ဝင်ကာ ထင်ရာ စိုင်းခဲ့တော့သည်။ ဒုစရိုက်လောကတွင် နံ့စပ်ကျင်လည်လာသော ကွန်ဒယ်လို သည် ဆရာတစ်ဆူ ဖြစ်လာသည်။

ထွက်ပြေးတိမ်းရှောင်

ကွန်ဒယ်လိုသည် ၁၉၆၆ ခုနှစ် ၁၅ နှစ်သားအရွယ်ကတည်းက မူးယစ် မှောင်ခိုဘဝသို့ ရောက်ရှိခဲ့သူဖြစ်သဖြင့် အသက် ၄၀အရွယ်ခန့်တွင် နှစ်၄၀ခန့် ထွက်ပြေးလွတ်မြောက်ပြီး ၂၀၀၆ ခုနှစ်၌ ဖမ်းဆီးခံရသူ စစ္စလီကျွန်းမှ ထိပ်တန်း ဘိန်းရာဇာ ဘာနာဒိုပရိုဗင်ဇာနိုပြီးလျှင် မာဖီးယားလောကတွင် ဒုတိယ ဩဇာ တိက္ကမအကြီးမားဆုံး ဘိန်းရာဇာတစ်ဦး ဖြစ်လာခဲ့သည်။ သူ့အသက် ၄၆ နှစ် အရွယ် ၁၉၈၇ ခုနှစ်တွင်မူ ကွန်ဒယ် လိုသည် လူသတ်မှုဖြင့် ထွက်ပြေး တိမ်းရှောင်နေခဲ့ရသည်။

စိတ်သက်သာရာရခဲ့

၂၁ နှစ်နီးပါးမျှ ထွက်ပြေးတိမ်း ရှောင်နေသော ပက်စ်ကွာလီကွန်ဒယ် လိုကို လွှန်ခဲ့သော ဖေဖော်ဝါရီ၁၉ ရက် က ၎င်း၏ ဇာတိမြို့ ရက်ဂျီယိုကာလာ ဘရီယာမြို့တွင် ဖမ်းဆီးခဲ့သည်။ ကွန် ဒယ်လိုကို ၎င်း၏သားနှင့် သမက်တို့၏ ကုမ္ပဏီ ရုံးခန်းတွင် ဖမ်းမိခဲ့ခြင်းဖြစ်ပြီး အသာတကြည် အဖမ်းခံခဲ့သည်။ ကွန် ဒယ်လို၏ သားနှင့်သမက်တို့ကိုလည်း သက်ဆိုင်ရာက ဖမ်းဆီးစစ်ဆေးလျက် ရှိသည်။ အီတလီမှ ရဲအဖွဲ့သည် မာဖီး ယား ဂိုဏ်းအများစုနှင့် ပတ်သက်၍ ဖမ်းဆီး အောင်ပွဲခံနိုင်ခဲ့သော်လည်း ကွန်ဒယ်လိုကို ဖမ်းမိရေးနှင့် ပတ် သက်၍ ဦးနှောက်ခြောက်ခဲ့ရရာ ယခု မှပင် စိတ်သက်သာရာ ရခဲ့ကြတော့ သည်။

ကျခံရမည်

ယခုဖြစ်စဉ်တွင် ဘိန်းဖြူမှောင်ခို မှုအပြင် လူသတ်မှု ကျူးလွန်ကာ ထွက်ပြေးတိမ်းရှောင်နေခဲ့သူ ကွန်ဒယ် လိုသည် တစ်သက်တစ်ကျွန်း ထောင် ဒဏ်ကို ကျခံရမည်ဖြစ်ပြီး စိတ်စေရာ နောက်သို့ လိုက်ခဲ့မိသူ ပက်စ်ကွာလီ ကွန်ဒယ်လို အနေဖြင့် ဥပဒေက ပေးလာမည့်အပြစ်ကို ခံယူရန် ငံ့လင့် နေရုံမှတစ်ပါး။ ။

မိဘများက ခေတ်ပညာ တတ်မြောက်ရေးအတွက် ပညာသင်ယူစေခဲ့သော်လည်း ကွန်ဒယ်လိုသည် ပညာရေးကို ဆုံးခန်းတိုင်အောင် မသင်ယူခဲ့။

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

လျှပ်စစ်ကို ပေါ့ဆစွာ အသုံးပြုလျှင် ...

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင် ဖေဖော်ဝါရီ၂၉ ရက်က နေအိမ် တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မက္ကဆီကို ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ အသက် ၄၈ နှစ်အရွယ် ဘင်ကီတော့ခ်အမည်ရှိ အမျိုးသားတစ်ဦးသည် ကော်ဖီဖျော်ရန် ရေနွေးအိုးကျိုထားစဉ် အရေးကြီး ကိစ္စပေါ်လာသဖြင့် မီးပိတ်ရန် မေ့လျော့ကာ အပြင်ထွက်ပြီး အလုပ်ကိစ္စများ လျှောက်လုပ်နေခဲ့ရာမှ နေအိမ်၌ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုသို့ မီးလောင်မှုကြောင့် သိန်းပေါင်းများစွာ ဆုံးရှုံးပျက်စီးခဲ့ရသည်။

ထို့ကြောင့် လျှပ်စစ်ကို ပေါ့ဆစွာအသုံးပြုလျှင် ပျက်စီးဆုံးရှုံးမှုအန္တရာယ် ကြီးမားသည်မှာ သတိပြုဖွယ်ရာပင်။ ။

မောင်မောင်မြင့်ဆွေ

ဘဂ္ဂဒက်တွင် လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်သုံးဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဖေဖော်ဝါရီ ၂၀ရက် ထုတ် သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပေါက်ကွဲခဲ့

မြို့တော်ဘဂ္ဂဒက်၏ အနောက်မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲပိုင်းက ကားတစ်စီးဖြတ်သန်းမောင်းနှင်စဉ် လမ်းဘေးဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

လျော့ပါးခဲ့

အီရတ်နိုင်ငံတစ်ဝန်းတွင် စစ်သွေးကြွများကို မကြာသေးမီလများက နှိမ်နင်း ခဲ့မှုများကြောင့် တိုက်ခိုက်မှုများ လျော့ပါးခဲ့သော်လည်း ဖေဖော်ဝါရီလအတွင်း ကန်တပ်ဖွဲ့ဝင် ၂၂ ဦး သေဆုံးခဲ့ပြီးဖြစ်သည်။

သေဆုံးခဲ့

အီရတ်နိုင်ငံကို အမေရိကန်တို့ကျူးကျော်ခဲ့သည့် ၂၀၀၃ခုနှစ်ကတည်းက ယနေ့အထိ ယင်းနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၃၉၆၆ ဦး သေဆုံးခဲ့ပြီ ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

လက်နက်ကိုင်ဓားပြဂိုဏ်း မလေးရှားရဲအဖွဲ့ ဖြိုခွင်း

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၀

မလေးရှားနိုင်ငံ ဂျိုဟာပြည်နယ် တောင်ပိုင်း၌ လက်နက်ကိုင်ဓားပြတိုက် မှုများ ဆက်တိုက်ပြုလုပ်ခဲ့သူ သုံးဦးအား ရဲအဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ဒေသ ဆိုင်ရာ မီဒီယာက အင်္ဂါနေ့တွင် ရေးသားဖော်ပြသည်။

ဖမ်းဆီးနိုင်ခဲ့

မလေးရှားရဲအဖွဲ့က အဆိုပါ ဓားပြ ဂိုဏ်းသုံးဦးအား သေနတ်နှစ်လက်၊ ကားနှစ်စီးနှင့် မိုဘိုင်းလ်ဖုန်းခြောက်လုံး နှင့်အတူ ဖမ်းဆီးနိုင်ခဲ့သည်ဟု ဆိုသည်။

ပြောကြား

အဆိုပါဓားပြသုံးဦးသည် အနည်း ဆုံး ပြစ်မှုရှစ်မှုကို ကျူးလွန်ခဲ့ကြသူများ ဖြစ်ကြောင်း ဂျိုဟာပြည်နယ် ရဲအရာရှိ မော့တာရှရစ်က ပြောကြားသည်။

စီးနင်းရှာဖွေ

ရဲအဖွဲ့က စနေနေ့တွင် မူယာနှင့် ဂျိုဟာပြည်နယ်များ၌ စီးနင်းရှာဖွေ မှုများ ပြုလုပ်ခဲ့သည်။

ဖမ်းဆီး

ဓားပြသုံးဦးသည် ဂျိုဟာပြည်နယ် တောင်ပိုင်း၌ လက်နက်နှင့် ခဲယမ်း မီးကျောက်များ ထားရှိရာတဲသို့ ကား နှစ်စီးဖြင့် ဦးတည်မောင်းနှင်လာစဉ် ရဲအဖွဲ့က ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

စုံစမ်းစစ်ဆေး

ယခုအခါ ရဲအဖွဲ့သည် အဆိုပါ ဓားပြများအား လက်နက် မည်သို့ မည်ပုံ ရရှိခဲ့သည်ကို စုံစမ်းစစ်ဆေး လျက်ရှိကြောင်း ယင်းသတင်း၌ ဆက် လက်ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လှုပ်လှုပ်ရှားရှား အင်တာနက် ပုံရိပ်များ

ကယ်ဆယ်ရေးဆောင်ရွက်

နယူဇီးလန်နိုင်ငံ အိုတာရိုမြို့ ကမ်းလွန်တွင် ဖေဖော်ဝါရီ ၂၁ ရက်က ဆွဲသင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ သင်္ဘောသားများ အား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် မြင်ကွင်း။

(အင်တာနက်ဓာတ်ပုံ)

မီးလောင်မှုဖြစ်ပွား

တောင်ကိုရီးယားနိုင်ငံ ဆိုလ်းမြို့ လယ်ရှိ အစိုးရရုံး အဆောက်အအုံ တစ်ခု ဖေဖော်ဝါရီ ၂၁ ရက်က မီးလောင်မှုဖြစ်ပွားနေသည့် မြင်ကွင်း ကို ဤသို့တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဝစ္စကွန်ဆင် အကြိုရွေးပွဲ၌ အိုဘားမားက ဟီလာရီကိုနိုင် ဂွမ်မက်ကိန်း ဟတ်ကာဘီးထက် ကိုယ်စားလှယ်လေးဆပို

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ပါတီကြီးနှစ်ရပ်ကို ကိုယ်စားပြုဝင်ရောက် အရွေးခံရရေးအတွက် ဖေဖော်ဝါရီ၁၉ရက်က ဝါရှင်တန်နှင့် ဝစ္စကွန်ဆင်ပြည်နယ် အကြိုရွေးကောက်ပွဲများ၌ ယှဉ်ပြိုင်ကြရာ ဒီမိုကရက်တစ်ပါတီမှ အီလီနွိုက်ပြည်နယ် အထက်လွှတ်တော်အမတ် အိုဘားမားက ပြိုင်ဘက်အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်ကို ဝစ္စကွန်ဆင်ပြည်နယ် အကြိုရွေးကောက်ပွဲ၌ အနိုင်ရလိုက်သည်။

ဝစ္စကွန်ဆင်ပြည်နယ်၌ ဆန္ဒမဲ ၉၇ရာခိုင်နှုန်းခန့် ရေတွက်ပြီးစီးသောအခါ အိုဘားမားက ၅၀ရာခိုင်နှုန်းနှင့် ဟီလာရီကလင်တန်က ၄၁ရာခိုင်နှုန်း ထောက်ခံမှုရကြောင်း သိရသည်။

အကြိုရွေးကောက်ပွဲ

ထို့ပြင် ထိုနေ့က ကျင်းပသည့် ဟာဝိုင်ယီအကြိုရွေးကောက်ပွဲ၌လည်း အိုဘားမားပင် အနိုင်ရမည်ဟု တွက်ထားသည်။

လက်ရှိ အခြေအနေတွင် ဒီမိုကရက်တစ်ပါတီ ညီလာခံကိုယ်စားလှယ် ရရှိမှုတွင် ဟီလာရီကလင်တန်က ၁၃ပြည်နယ်မှ ကိုယ်စားလှယ် ၁၂၁၈ ဦး ရရှိပြီး အိုဘားမားက ၂၁ပြည်နယ်မှ ကိုယ်စားလှယ် ၁၂၈၁ဦးရရှိသည်။

အဓိကပြိုင်ဘက်

ရီပတ်ဘလီကင်ပါတီမှဝင်ရောက်ယှဉ်ပြိုင်သူများတွင် အရီဇိုးနားပြည်နယ် အထက်လွှတ်တော်အမတ် မက်ကိန်းသည် ထိပ်မှ အပြတ်အသတ် ခရီးရောက်နေသည်။ ညီလာခံကိုယ်စားလှယ်ရရှိမှုတွင် ဂွမ်မက်ကိန်းက သူ၏ အဓိကပြိုင်ဘက် မိုက်ဟတ်ကာဘီးထက် လေးဆမျှ ပိုရရှိနေသည်။

ဝစ္စကွန်ဆင်ပြည်နယ် အကြိုရွေးကောက်ပွဲမှ မဲများ ၉၇ရာခိုင်နှုန်းခန့် ရေတွက်ပြီးသောအခါ ဂွမ်မက်ကိန်းက ၅၄ဒသမ၈ရာခိုင်နှုန်း၊ ဟတ်ကာဘီးက ၃၇ရာခိုင်နှုန်း၊ ဂွမ်ပေါလ်က ၅ ရာခိုင်နှုန်း အသီးသီးရရှိသည်။

(အင်တာနက်)

မဲဆွယ်စည်းရုံးလျက်ရှိသည့် ဟီလာရီကလင်တန်။

နိုင်ငံရေးအကျပ်အတည်း ဆွေးနွေးမှုမအောင်မြင်လျှင် ဆန္ဒပြပွဲပြုလုပ်မည်ဖြစ်ကြောင်း ကင်ညာအတိုက်အခံပြောကြား

နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၁

ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲ အငြင်းပွားမှုအပေါ် နိုင်ငံရေး အကျပ်အတည်း လိပ်ခဲတည်းလည်းဖြစ်နေခြင်းကို ဆွေးနွေး၍ မအောင်မြင်ခဲ့လျှင် တစ်ပတ်အတွင်း အကြီးအကျယ် ဆန္ဒပြမှုများပြုလုပ်သွားမည် ဖြစ်ကြောင်း အတိုက်အခံခေါင်းဆောင်က သတိပေးပြောကြားလိုက်သည်။

တောင်းဆို

ကင်ညာ အတိုက်အခံခေါင်းဆောင်အိုဒင်ဂါ **(အောက်ပုံ)**က နိုင်ငံအား အာဏာခွဲဝေအုပ်ချုပ်မှု ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲရေး ပါလီမန်ခေါ်ယူရန် တောင်းဆိုလျက်ရှိသည်။

ငြင်းဆိုထား

သို့ရာတွင် ကင်ညာသမ္မတကီဘာကီက ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲရေးကို ပြုလုပ်ရန် ငြင်းဆိုထားသည်။

ကင်ညာနိုင်ငံတစ်ဝန်း ရွေးကောက်ပွဲအငြင်းပွားမှုကြောင့် အကြမ်းဖက်မှုများဖြစ်ပွားကာ လူပေါင်း ၁၀၀၀ ခန့် သေဆုံးခဲ့ရသည်။

(အင်တာနက်)

ကမ္ဘောဒီးယား၌ အိတ်ချ်အိုင်ဗွီ ကူးစက်မှုကျဆင်း

ဖနောင်ပင် ဖေဖော်ဝါရီ ၂၁

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၀၇ ခုနှစ်အတွင်း အိတ်ချ်အိုင်ဗွီရောဂါကူးစက်ခံရမှု စမ်းသပ်ခဲ့ရာ ကျဆင်းသွားကြောင်း ဒေသဆိုင်ရာ မီဒီယာက ဖေဖော်ဝါရီ ၁၉ရက်တွင် ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးအဖွဲ့က ၂၀၀၇ ခုနှစ်အတွင်း လူပေါင်း ၃၀၀၀၀၀ နီးပါးအား အိတ်ချ်အိုင်ဗွီပိုး ရှိ၊ မရှိစစ်ဆေးခဲ့ရာ ငါးရာခိုင်နှုန်းသာ ရောဂါကူးစက်သည်ကို စမ်းသပ်တွေ့ရှိရကြောင်း မဲခေါင်တိုင်း(မ်)သတင်းစာက ရေးသားဖော်ပြသည်။

၂၀၀၆ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ လူပေါင်း ၂၃၀၀၀၀အား အိတ်ချ်အိုင်ဗွီ ရောဂါရှိ၊ မရှိ စမ်းသပ်ခဲ့ရာ ခုနစ်ရာခိုင်နှုန်းသာ ရောဂါပိုးရှိသည်ကို စမ်းသပ်တွေ့ရှိရသည်ဟု ၎င်းသတင်းစာက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်စစ်ပွဲ အမေရိကန် ပုံအောမှု ကန်တပ်ဖွဲ့ ခြေကုန်လက်ပန်းကျနိုင်ဟုဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

အမေရိကန်တပ်ဖွဲ့ အနေဖြင့် အီရတ်စစ်ပွဲတွင် လူအင်အား၊ ပစ္စည်းအင်အား ပုံအောထားခြင်းမှာ ခြေကုန်လက်ပန်းကျမည့် အန္တရာယ်နှင့်ကြုံတွေ့နိုင်ကြောင်း အငြိမ်းစားနှင့် လက်ရှိစစ်ဘက် အဆင့်မြင့်အရာရှိကြီး ၈၀ ရာခိုင်နှုန်းတို့က သဘောထားပေးသည်ဟု သိရသည်။

အောင်ပွဲခံ

ဤအချိန်တွင် အမေရိကန်တပ်ဖွဲ့အနေဖြင့် အခြားသောစစ်ကြီးတစ်ပွဲကို ဆင်နွှဲရမည်ဆိုလျှင် အောင်ပွဲခံအနိုင်တိုက်ဖို့ စဉ်းစားမရအောင်ဖြစ်ကြောင်း ၈၀ရာခိုင်နှုန်းက ယူဆသည်။

အငြိမ်းစားနှင့် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် စစ်ဘက်အရာရှိကြီး ၃၄၀၀ကျော်ကို တွေ့ဆုံမေးမြန်းပြီး သဘောထားစစ်တမ်းထုတ်ယူခြင်းဖြစ်သည်။ ၎င်းတို့အနက် ၉၀ရာခိုင်နှုန်းမှာ အငြိမ်းစားအရာရှိကြီးများဖြစ်သည်။ အများစုမှာ တိုက်ခိုက်ရေးအတွေ့အကြုံများရှိသူတို့ဖြစ်သည့်အပြင် ၁၀ရာခိုင်နှုန်းမှာ အီရတ် သို့မဟုတ် အာဖဂန်နစ္စတန်၌ တာဝန်ထမ်းဆောင်ခဲ့ဖူးသူများ ဖြစ်ကြသည်။

ပိုမိုအားနည်းသွား

သဘောထား စစ်တမ်းတွင် ၆၀ ရာခိုင်နှုန်းက အမေရိကန်တပ်ဖွဲ့သည် ယခုအခါ လွန်ခဲ့သည့် ငါးနှစ်ကထက် ပိုမို အားနည်းသွားပြီဟု ထင်မြင်ဆုံးဖြတ်ကြသည်။

မသက်သာသူများအား စစ်ဆေးဖော်ထုတ်မှု၌ ပြင်းထန်သည့်နည်းများ အသုံးပြုမှုကိစ္စနှင့်ပတ်သက်၍ ၎င်းတို့အကြား သဘောထားကွဲလွဲခဲ့ကြသည်။ ညှဉ်းပန်းမှုကို လက်ခံသူ ရှိသကဲ့သို့ လက်မခံသူလည်း ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ကွမ်ကျိုးပြည်နယ် ကာလီမြို့၌ ပြီးခဲ့သည့် သီတင်းပတ်များအတွင်း ဆီးနှင်းများကျဆင်းခဲ့မှုကြောင့် ပျက်စီးသွားခဲ့သည့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြင်ဆင်နေကြသည်ကို ဖေဖော်ဝါရီ၂၀ ရက်က ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်အထွေထွေရွေးကောက်ပွဲ၌ ပီပီပီပါတီ လူထုထောက်ခံမှုအများဆုံးရရှိ

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၁

ပါကစ္စတန်နိုင်ငံ၌ လအတန်ကြာ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ဖေဖော်ဝါရီ ၁၈ရက်က အထွေထွေရွေးကောက်ပွဲကျင်းပရာ ကွယ်လွန်သူ ဘာနာဇီယာဘူတို၏ ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ)က ရှေ့ဆုံးမှ မဲအများဆုံးရရှိနေကြောင်း၊ သမ္မတမူရှာရက်ဖ်ကို ထောက်ခံသည့် ပီအမ်အယ်-ကျူပါတီမှာမူ ရွေးကောက်ပွဲတွင် အကြီးအကျယ် ရှုံးနိမ့်နေကြောင်း အင်တာနက်သတင်း၌ ပါရှိသည်။

ဝန်ကြီးချုပ်ဟောင်း နဝပ်ရှရစ်ဖ်၏ ပီအမ်အယ်-အင်ပါတီမှာလည်း ပီပီပီပါတီလောက် မဲမရသော်လည်း ပီအမ်အယ်-ကျူပါတီထက် မဲအရေအတွက်များစွာ ပိုရသည်ကို တွေ့နိုင်သည်။

ပြည်သူထောက်ခံမှု

ရွေးကောက်ပွဲဝင်သည့် ပါတီများအပေါ် ပြည်သူထောက်ခံမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။ ဘာနာဇီယာဘူတို၏ ပီပီပီပါတီက အမတ်နေရာ ၈၇နေရာ၊ နဝပ်ရှရစ်ဖ်၏ ပီအမ်အယ်-အင်ပါတီက အမတ်နေရာ ၆၆ နေရာ၊ သမ္မတမူရှာရက်ဖ်ကို လိုလားသည့် ပီအမ်အယ်-ကျူပါတီက အမတ်နေရာ ၃၈နေရာ၊ ဆင်းပြည်နယ်အခြေစိုက် အမ်ကျူအမ်ပါတီက အမတ်နေရာ ၁၉နေရာ၊ အေအင်ပီပါတီက အမတ်နေရာ ၁၀ နေရာနှင့် အခြားပါတီများက စုစုပေါင်း အမတ်နေရာ ၃၈နေရာ ရရှိသည်။

ထုတ်ဖော်ကြေညာ

ထိုအတောအတွင်း ပီပီပီပါတီက နဝပ်ရှရစ်ဖ်၏ ပီအမ်အယ်-အင်ပါတီနှင့်ပူးပေါင်းကာ ညွန့်ပေါင်း အစိုးရဖွဲ့ရန် အသင့်ရှိကြောင်း ထုတ်ဖော်ကြေညာသည်။

မည်သို့ပင်ဖြစ်စေ ပီပီပီပါတီနှင့် ပီအမ်အယ်-အင်ပါတီတို့ ပူးပေါင်းလျှင် ပါလီမန်နှင့် အများစုအမတ်များ ရရှိကာ ညွန့်ပေါင်းအစိုးရ ဖွဲ့နိုင်မည်ဖြစ်သည်။

သမ္မတမူရှာရက်ဖ်ကမူ မည်သည့်အစိုးရအဖွဲ့သစ်နှင့်မဆို လက်တွဲ လုပ်ဆောင်ရန် ကြိုးပမ်းမည်ဟု ကြေညာသည်။ **(အင်တာနက်)**

ကြက်ငှက်တုပ်ကွေးကြောင့် ဗီယက်နမ်၌ တစ်ဦးသေဆုံး

ဟန္နိုင်း ဖေဖော်ဝါရီ ၂၁

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဘက်လျူပြည်နယ်တွင် ဖေဖော်ဝါရီ၁၉ရက်က အသက် ၄၀အရွယ်ရှိ အမျိုးသားတစ်ဦးမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသွားခဲ့ကြောင်း ယူ့ဒ်သတင်းစာက ဖေဖော် ဝါရီ ၂၁ရက်၌ ရေးသားဖော်ပြသည်။

ဗီယက်နမ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးစတင်ဖြစ်ပွားခဲ့သော ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ယခုအချိန်အထိ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် လူ ၅၀ သေဆုံးခဲ့သည်။

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် အပျက်အစီးများအား ဖေဖော်ဝါရီ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်



ရဟတ်ယာဉ် ပျက်ကျ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ အရှေ့ဘက်၌ ဖေဖော်ဝါရီ ၂၀ ရက်က စစ်ဘက်ရဟတ်ယာဉ် တစ်စင်း တောင်တစ် တောင် နှင့် တိုက်မိပြီး ပျက်ကျခဲ့ရာ ခုနစ်ဦးသေဆုံးခဲ့သည်။ (ဝဲပုံ)

- **တရုတ်နိုင်ငံ ဂူအန်မြို့အနီး သတ္တုမိုင်းတွင်းတစ်တွင်း ဖေဖော်ဝါရီ ၂၀ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းလုပ်သား၂၄ဦး သေဆုံးခဲ့သည်။**

- ဆလိုဗေးနီးယားနိုင်ငံ ထရီဘင်ဂျီမြို့တောင်ပိုင်း၌ ဖေဖော်ဝါရီ ၂၀ရက်က ခရီးသည်တင် ရထားတစ်စင်းနှင့် မော်တော်ယာဉ်တစ်စီးတို့တိုက်မိခဲ့ရာ ခရီးသည်ရှစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

- **နီပေါနိုင်ငံ ကျူမိုလွန်မာတောင်အနီး ဖေဖော်ဝါရီ ၂၀ရက်က စစ်ဘက်ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးအသက်ဘေးမှ လွတ်မြောက်ခဲ့သည်။**

- တရုတ်နိုင်ငံ ဟူနန်ပြည်နယ် ချန်ကျိုမြို့၌ ဖေဖော်ဝါရီ ၂၀ရက်က မော်တော်ယာဉ်တိုက်မှုဖြစ်ပွားရာ ၁၅ဦးပွဲချင်းပြီး သေဆုံးပြီး၂၅ဦးဒဏ်ရာ ရရှိခဲ့သည်။

- **ဂရိနိုင်ငံ အေသင်မြို့အနီး ကျေးရွာတစ်ရွာ၌ ဖေဖော်ဝါရီ ၂၁ရက်က မြေအောက်မှ နှစ်ပေါင်း၁၈၀၀ခန့်က ရှေးခေတ်အသုံးအဆောင်ပစ္စည်းများ၊ လက်ဝတ်ရတနာများကို သုတေသနပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ကြသည်။**

- မက္ကဆီကိုပင်လယ်ကွေ့၌ ဖေဖော်ဝါရီ ၂၀ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် ကုန်တင်သင်္ဘောတစ်စင်း တိမ်းမှောက်ခဲ့သည်။

- **ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့၌ ဖေဖော်ဝါရီ ၂၀ရက်က လေးထပ်အဆောက်အအုံတစ်ခုပြိုကျခဲ့ရာ လေးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။**

- ဖိလစ်ပိုင်နိုင်ငံ ဒါရှုပင်မြို့၌ ရိုးရာဓလေ့ပွဲတော်တစ်ရပ်ဖြစ်သည့် ဘင်ရစ်အမည်ရှိ ပွဲတော်ကို ဖေဖော်ဝါရီ၁၉ရက်က ကျင်းပရာ အရှည်၄၉၃၈ မီတာရှိသော ပြောင်းဖူးဖုတ်တန်းကြီး၌ ပြောင်းဖူးပေါင်း ၁၁၇၈၄၀ကို တစ်ပြိုင်နက်တည်း မီးဖုတ်ခဲ့ကြသည်။ **(ယာပုံ)**

တေးဂီတဖြင့် ထိရောက်သော ရောဂါကုသမှု

သတင်းအက်ဆေး

ရောဂါဘယ ထူပြောလာသော ယနေ့ကမ္ဘာတွင် ပြည်သူအများစုအတွက် စရိတ်ကုန်ကျမှုနည်းပါးသည့် ကုသနည်းများအနက် တေးဂီတဖြင့် ကုသခြင်းသည် ထိရောက်သော ကုသနည်းတစ်မျိုးဖြစ်ကြောင်း ကမ္ဘာ့ပြည်သူများ လက်ခံရပြီဖြစ်သည်။

တေးဂီတဖြင့် ကုသရာတွင် လူနာ၏ ရောဂါအခြေခံ အကြောင်းကို လေ့လာရမည်ဖြစ်ပြီး လူနာ၏စိတ်နေသဘောထားကိုလည်း ပထမဦးစွာသိရှိနားလည်ရမည်ဖြစ်သည်။ ထို့အပြင် ရောဂါကုသရာ၌ လူနာအားတေးဂီတသံစဉ်ဖြင့် ကုသမှုသည် ထိရောက်မှုရှိကြောင်း ယုံကြည်လက်ခံလာစေရန်လည်း ကြိုးစားပေးရမည်ဖြစ်သည်။

ခံစားတတ်နိုင်အောင်

အမြင်၊ အကြား၊ ကိုယ်တိုင်ပါဝင်မှုဟူသော အပိုင်းသုံးပိုင်းစလုံးကို မျှတအောင် ပေါင်းစပ်အသုံးပြုရမည်ဖြစ်သည့်အပြင် တေးဂီတ၌ ခံစားတတ်နိုင်အောင်လည်း ကုသသည့်ဆရာဝန်များအနေဖြင့် ကနဦးစည်းရုံးရမည်ဖြစ်သည်။

တေးဂီတဖြင့် ရောဂါများကုသမည်ဆိုလျှင် ပထမဦးစွာ ဂီတအနုပညာဆိုင်ရာ စကားများပြောကြားခြင်း၊ တေးဂီတနှင့်ဆိုင်သောအကြောင်းအရာကိုဆွေးနွေးခြင်းတို့ကို လူနာကိုယ်တိုင် စိတ်ပါဝင်စားစွာ တီးခတ်သီဆိုချင်စိတ် ဖြစ်ပေါ်လာအောင်လည်း ဆရာဝန်က ကြိုးစားပေးရမည်ဖြစ်သည်။

တီးခတ်ကုသချိန်

တေးဂီတဖြင့်ကုသရာ၌ လူနာ၏တုံ့ပြန်မှုသည် အရေးကြီးပေသည်။ ဥပမာ. . . ရောဂါဝေဒနာတစ်ခုခုကြောင့် မေ့မြောနေသောလူနာတစ်ဦးအား သတိပြန်ရစေရန်လူနာအနီး၌ ငြိမ့်ညောင်းသော တေးဂီတသံစဉ်ဖြင့် တီးခတ်ကုသချိန်တွင် လူနာ၏တုံ့ပြန်လှုပ်ရှားမှုကို သတိပြုရမည်ဖြစ်သည်။ လူနာသတိပြန်ရစပြုလျှင် တေးဂီတသံစဉ် ပြောင်းလဲမှုပြုရန် လိုအပ်သည်။

ဂီတသံစဉ်နှင့်အတူ

*လေဖြတ်ခံထားရသော လူနာတစ်ဦးအား တေးဂီတသံစဉ်နှင့်အတူ ကိုယ်တိုင်ပါဝင်ဆင်နွှဲခြင်း၊ ကိုယ်တိုင်တူရိယာတီးခတ်ခြင်း***(အပေါ်ပုံ)***နှင့် ကိုယ်တိုင်သီဆိုခြင်းတို့ပြုလုပ်စေပါက ထူးခြားသော စိတ်ပိုင်းဆိုင်ရာ လှုံ့ဆော်မှုကြောင့် ရောဂါဝေဒနာသက်သာလျော့ပါးစေသည်ကို တွေ့ရသည်ဟု အမေရိကန်တေးဂီတကုသခြင်းဆိုင်ရာအဖွဲ့ (အေအမ်တီအေ)မှ ပညာရှင်များက ပြောကြားသည်။*

ထို့အပြင် နှလုံးရောဂါ၊ စိတ်ပိုင်းဆိုင်ရာရောဂါနှင့် စိတ်ဖိစီးမှုဆိုင်ရာ ရောဂါများအပြင် အဆုပ်ရောဂါများကို တေးဂီတကုထုံးဖြင့် ကုသပါက ရောဂါဝေဒနာ လျော့ပါးသက်သာစေသည်ကို မိမိတို့ သိသာထူးခြားစွာတွေ့ရှိရသည်ဟု အေအမ်တီအေအဖွဲ့မှ ပြောကြားထားသည်။

ငွေကုန်ကျမှုနည်းပါး

ရောဂါဝေဒနာရှင်တစ်ဦးအား တေးဂီတဖြင့် ကုသရာတွင် အချိန်ကာလ တစ်ခုကြာမြင့်သည်မှာ မှန်သော်လည်း အခြားကုထုံးများထက် ဘေးထွက်ဆိုးကျိုးနည်းကြောင်း၊ ထို့အတူ ငွေကုန်ကျမှုလည်း နည်းပါးကြောင်း ၎င်းတို့က ပြောကြားသည်။

တေးဂီတဖြင့်ကုသခြင်းသည် မေ့မြောနေသော လူနာတစ်ဦးအား သတိပြန်လည်ရရှိစေရန် ကုသမှုမှုလွဲပြီး အခြားကုသမှုများ၌ ဝေဒနာရှင်ကိုယ်တိုင် တီးခတ်၊ သီဆိုပါဝင်လှုပ်ရှားခြင်းမှာ ပိုမိုထိရောက်ကြောင်း၊ တေးဂီတနှင့်အတူ ပါဝင်ကပြခြင်းသည် စိတ်ကျန်းမာရေးနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ ကျန်းမာရေးတို့ တိုးတက်ကောင်းမွန်စေသည့်အပြင် သွေးတိုး၊ ဆီးချိုစသည့် ရောဂါများဖြစ်ပွားမှုကိုလည်း လျော့ကျစေသည်ဟု ဆိုသည်။ ။

ကိုအာကာ-ရေးသားသည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၁-၂-၂၀၀၈

တရုတ်၌ ကြက်ငှက်တုပ်ကွေးကြောင့် တစ်ဦးသေဆုံး

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်အလယ်ပိုင်း၌ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရသူတစ်ဦးကို စစ်ဆေးတွေ့ရှိရကြောင်း တရုတ်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရသူမှာ ယွမ်ကျိုမြို့မှ အသက်၂၂နှစ်အရွယ် လူငယ်တစ်ဦးဖြစ်ပြီး သေဆုံးသွားကြောင်း တရုတ်ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

မလေးရှား၌ နေစွမ်းအင်စက်ရုံဆောက်မည်

ဂျာမနီနိုင်ငံသည် မလေးရှားနိုင်ငံ၌ နေရောင်ခြည်စွမ်းအင်ထုတ်ယူသည့် စက်ရုံတစ်ခုကို လာမည့်နှစ်၌ တည်ဆောက်မည်ဖြစ်ကြောင်း ဂျာမနီအရာရှိများက ပြောကြားသည်။

ထိုသို့ နေရောင်ခြည်စွမ်းအင်ထုတ်လုပ်မှုစက်ရုံ တည်ဆောက်ပါက အာရှ၌ ပထမဆုံး နေရောင်ခြည်စွမ်းအင်ထုတ်ယူသည့် စက်ရုံဖြစ်လာမည်ဟု မလေးရှားအရာရှိများက ပြောကြားသည်။

စင်ကာပူနှင့်တူရကီ ကုန်သွယ်မှုတိုးမြှင့်မည်

စင်ကာပူနှင့် တူရကီနှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည်ဖြစ်ကြောင်း နှစ်နိုင်ငံအရာရှိများက ပြောကြားသည်။

နှစ်နိုင်ငံကုန်သွယ်မှုမှာ ယခင်နှစ်က အမေရိကန်ဒေါ်လာ ၁ဒသမ၄ဘီလီယံအထိရှိပြီး ယင်းပမာဏထက် နှစ်ဆတိုးမြှင့်မည်ဟု နှစ်နိုင်ငံကုန်သွယ်ရေးဝန်ကြီးများက သဘောတူ လက်မှတ်ရေးထိုးလိုက်ကြသည်။

အမေရိကန်စျေးကွက်၌ ရေနံစိမ်းစျေးနှုန်းမြင့်တက်

အမေရိကန်စျေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ အထိ မြင့်တက်ခဲ့ကြောင်း အမေရိကန်စွမ်းအင်အရာရှိများက ပြောကြားသည်။

ထိုသို့ ရေနံစျေးနှုန်းများ ရုတ်တရက်မြင့်တက်မှုမှာ ဗင်နီဇွဲလားနှင့် နိုင်ဂျီးရီးယားနိုင်ငံမှ ရေနံထုတ်လုပ်မှု လျော့ချခဲ့ခြင်းကြောင့်ဖြစ်ပြီး ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)ကလည်း နေ့စဉ် ရေနံထုတ်လုပ်မှုလျှော့ချရန် စီစဉ်နေမှုကြောင့်ဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။

ဗီယက်နမ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဗီယက်နမ်နိုင်ငံ ပြည်နယ်သုံးခုတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားလျက်ရှိကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

အဆိုပါ ပြည်နယ်များမှာ တူယင်ကွမ်၊ နမ်ဒင်နှင့် ဟိုင်ဒွန်ပြည်နယ်များဖြစ်ကြပြီး ကြက်ဘဲကောင်ရေ ၂၅၀၀ခန့် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့ရသည်။

စင်ကာပူ၌ လေယာဉ်အင်ဂျင်စက်ရုံ တည်ဆောက်မည်

စင်ကာပူနိုင်ငံက ဘိုးရင်း ၇၈၇လေယာဉ်နှင့် အဲဘတ်စ် ၃၅၀အိတ်စ်ဒဗလျူဘီလေယာဉ်များအတွက် အင်ဂျင်များထုတ်လုပ်မည့် စက်ရုံတစ်ရုံကို မကြာမီ တည်ဆောက်သွားမည်ဟု စင်ကာပူအရာရှိများက ပြောကြားသည်။

အဆိုပါ လေယာဉ်အင်ဂျင်စက်ရုံကို အမေရိကန်ဒေါ်လာ ၂၂၇သန်း အကုန်အကျခံကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းအရာရှိများက ပြောကြားသည်။

ရုရှားလေတပ်အတွက် တိုက်လေယာဉ်များလိုအပ်

ရုရှားနိုင်ငံ လေတပ်အတွက် တိုက်လေယာဉ်များ ဖြည့်ဆည်းရန် လိုအပ်လျက်ရှိကြောင်း ရုရှားသမ္မတပူတင်က ပြောကြားသည်။

ရုရှားလေတပ်အတွက် တိုက်လေယာဉ်နှင့် ထောက်ပို့လေယာဉ် ၁၁၆စင်း ရရှိရန်နှင့် အရည်အသွေးမြှင့်တင်ထားသော လေယာဉ် ၄၀၈စင်းကို မွမ်းမံပြင်ဆင်ရန် လုပ်ဆောင်ရမည်ဟု သမ္မတပူတင်က ပြောကြားသည်။

စျေးနှုန်းချိုသာသော လေကြောင်းခရီးစဉ် ယူအေအီးမှ အိန္ဒိယသို့ ပျံသန်းမည်

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)က စျေးနှုန်းချိုသာသော နှုန်းထားများဖြင့် အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးစဉ်များ ပျံသန်းမည်ဖြစ်ကြောင်း ယူအေအီးအရာရှိများက ပြောကြားသည်။

အဆိုပါ လေကြောင်းခရီးစဉ် ပျံသန်းမှုကို ဖေဖော်ဝါရီ ၂၆ ရက်မှစတင်ကာ သီတင်းတစ်ပတ်လျှင် သုံးရက်ပျံသန်းပေးသွားမည်ဖြစ်သည်။

ဘဝဒဿန အမြင်

- ***He that spares his rod hates his son.***
  ကြိမ်မသုံးသူသည် သားကို မုန်းသူဖြစ်သည်။
  ဂျေအာရ်အာရ်တိုကိန်း (အင်္ဂလိပ်စာရေးဆရာ)

- ***Do one thing at a time.***
  တစ်ချိန်တွင် အလုပ်တစ်ခုသာ လုပ်ပါ။
  အရစ္စတိုတယ်လ် (ဂရိအတွေးအခေါ်ပညာရှင်)

22-2 (07) 1 2/22/08, 1:49 AM

မြန်မာ့ပန်းချီလောကဖွံ့ဖြိုးရေး အားသစ်လောင်းမှုတစ်ရပ် Snowflake ပန်းချီပြခန်းနှင့် နွေဦးနှင်းမှုန်ဆေးရောင်စုံပန်းချီပြပွဲ

အနုပညာသတင်း - မိုးမြင့်လင်းလက်၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၁

အရှိန်အဟုန်နဲ့ဖွံ့ဖြိုးလာတဲ့ မြန်မာ့ပန်းချီလောကကိုကြည့်ရင် ပန်းချီပြပွဲတွေ မပြတ်တမ်းကျင်းပလာနိုင်သလို ပန်းချီပြခန်းအသစ်တွေလည်း အများအပြား ဖွင့်လှစ်လာနိုင်ခဲ့တာဟာ မြန်မာ့ပန်းချီအနုပညာတိုးတက်လာမှုကို ဖော်ညွှန်းနေတဲ့ ပြယုဂ်တွေပဲ ဖြစ်ပါတယ်။

အားသစ်လောင်း

အခုဆိုရင် မြန်မာ့ပန်းချီလောကကို ပိုမိုတိုးတက်စေဖို့ အားသစ်လောင်းမှုတစ်ခုအဖြင့် Snowflake လို့ အမည်ပေးထားတဲ့ ပန်းချီပြခန်းဖွင့်ပွဲနဲ့ နွေဦးနှင်းမှုန်ဆေးရောင်စုံ ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းနဲ့ ရှင်စောပု ဘုရားလမ်းထောင့်မှာရှိတဲ့ တိုက် ၂/၄ ဒုတိယထပ်မှာ ဖေဖော်ဝါရီ ၂၁ရက် နံနက်၉နာရီက ကျင်းပခဲ့ပါတယ်။

ခင်းကျင်းပြသ

Snowflake ပန်းချီပြခန်းက မကျဉ်းမကျယ် အနေအထားရှိပြီး ပန်းချီကား အရွယ်စုံ ၈၀ ကျော်အထိ ခင်းကျင်း ပြသနိုင်ပါတယ်။ အဲဒီ ပန်းချီပြပွဲခန်းမဖွင့်ပွဲ နဲ့ တစ်ပြိုင်နက်တည်း ခင်းကျင်းပြသတဲ့ နွေဦးနှင်းမှုန် ဆေးရောင်စုံပန်းချီပြပွဲမှာ ပန်းချီဆရာကြီး ဦးစံဝင်း၊ ဦးထွန်းညွှန့်နဲ့ ဦးဉာဏ်ရှိန်တို့ အပါအဝင် ဦးသောင်းဟန်၊ ဦးစောလှိုင်၊ ပန်းချီလှတင်ထွန်း၊ ဦးဇော်ဝင်း (ကြည့်မြင်တိုင်)၊ ကြည်ဝင်း (တူဒေး)၊ လွန်းဖေ၊ သိန်းမြင့်သိန်း၊ ဝင်းမြင့်မိုး၊ စမ်းချောင်းကိုကိုအောင်၊ မွန်သက်၊ မျိုးသန့်အောင်၊ ဝင်းသိန်း၊ လှဘုန်းအောင်၊ နေဝင်းအောင်၊ မင်းဟိန်းအောင်၊ စောတင့်ဝေတို့ရဲ့ ပန်းချီကားပေါင်း ၈၂ကားကို ခင်းကျင်းပြသထားပါတယ်။

ပြပွဲတစ်ခုလုံးမှာ ခင်းကျင်းပြသထားတဲ့ ပန်းချီကားတွေကို ကြည့်ရင် မြန်မာ့အလှရှုခင်းတွေရဲ့ ပုံရိပ်တွေများပြီး ကြည့်ရှုရတဲ့သူအတွက် အာရုံထွေပြား စိတ်လုံးဝမဖြစ်ပေါ်အောင် ဆွဲဆောင်မှုကောင်းတဲ့ ပန်းချီကားတွေအဖြစ် မြင်တွေ့ရပါတယ်။

ဝမ်းသာပီတိ

ဒီပြခန်းဖွင့်ပွဲနဲ့ ပန်းချီပြပွဲကို လာရောက်ကြည့်ရှု လေ့လာနေတဲ့ ပန်းချီဆရာကြီး စတားမြသန်းကို ပန်းချီပြခန်းအသစ်တွေ ဖွင့်လှစ်နိုင်မှုအပေါ် မေးမြန်းတဲ့အခါ **"ပန်းချီပြခန်းအသစ်တွေ ဖွင့်လာနိုင်တာဟာ ပရိသတ်ကို အမြင်ကျယ်စေပါတယ်။ ဒါ့အပြင် မျိုးဆက်သစ် ပန်းချီ အနုပညာရှင်လေးတွေအတွက် လေ့ကျင့်ရေးကွင်းတွေများလာတာမို့ ကြိုဆိုပါတယ်။ ဝမ်းသာပီတိလည်းဖြစ်ရပါတယ်"**လို့ ပြောပြသွားပါတယ်။

"မျိုးဆက်သစ် ပန်းချီအနုပညာရှင်တွေအတွက် ကြိုဆိုပါတယ်"

ပန်းချီဆရာကြီး
စတားမြသန်း

ပါဝင်ဆင်နွှဲ

ဒီပွဲမှာ ပါဝင်ခင်းကျင်းပြသထားတဲ့ ပန်းချီ ကိုဇော်ဝင်း(ကြည့်မြင်တိုင်)ကတော့ **"ပန်းချီအနုပညာညီအစ်ကိုတွေစုပေါင်းပြသတဲ့ပွဲမှာ ပါဝင်ဆင်နွှဲတဲ့သဘောပါ။ ပန်းချီကို မြတ်နိုးလွန်းတာမို့ အမြဲတမ်းလည်း ရေးဖြစ်သွားမှာပါ။ ပန်းချီပြခန်းများများဖွင့်လေ ပိုကောင်းလေပါပဲ"**လို့ပြောပြသွားပါတယ်။

ရှုထောင့်အဖုံဖုံ

ပန်းချီပြခန်းအတွင်းမှာ ခင်းကျင်းပြသထားတဲ့ ပန်းချီကားတွေကိုလေ့လာတဲ့အခါ ဆီဆေးကိုအသုံးပြုရေးဆွဲထားတဲ့ ပန်းချီကားတွေများပြီး အားလုံးဟာ မြန်မာ့အလှသဘာဝရှုခင်းပုံရိပ်တွေကို အမြင်အမျိုးမျိုး ရှုထောင့်အဖုံဖုံက ရေးဆွဲထားတာတွေ့ရပါတယ်။

သဘာဝကျ

ဒီပန်းချီကားတွေထဲမှာ **"မန္တလေးတောင်"**လို့အမည်ပေးထားတဲ့ ပန်းချီလှတင်ထွန်းရဲ့ ဆီဆေးပန်းချီကားဟာ ဆွဲဆောင်မှုရှိတာကြောင့် အနီးကပ်လေ့လာလိုက်တဲ့အခါ မန္တလေးမြို့ရိုး၊ ကျုံးရေပြင်နဲ့ မန္တလေးတောင်တို့ကို ဖွဲ့စည်းမှုကောင်းကောင်းနဲ့ လက်စွမ်းပြထားတာတွေ့ရပါတယ်။ နီညိုရောင်မြို့ရိုးနဲ့ မြူတွေဝေ့နေတဲ့ မန္တလေးတောင်တို့ရဲ့ အနီးအဝေးမြင်ကွင်းဟာ ချိန်ဆမှုမျှတနေတာမို့ သဘာဝကျကျလှပနေပါတယ်။

ပန်းချီဆရာလွန်းဖေရဲ့ **"ပန်းအလှ"** ဆီဆေးပန်းချီကားကတော့ ပန်းပွင့်အလှကို အနီးကပ်ဖော်ကျူးထားတဲ့ ပုံပါပဲ၊ ပွင့်ဖက်တွေကို ပန်းရောင်နဲ့ အဖြူရောင်၊ ပန်းဝတ်မှုံတွေကို ပန်းရောင်ရင့်ရင့်၊ သစ်ရွက်တွေကို အစိမ်းရောင်နဲ့ ရေးဆွဲထားပြီး အောက်ခံ အဝါရောင်ဖျော့ဖျော့ကို အသုံးပြုထားတာမို့ ပန်းပွင့်အလှဟာ ကြွနေပြီး မြတ်နိုးစရာအဖြစ် မြင်တွေ့ရပါတယ်။

"ပန်းချီအနုပညာ ညီအစ်ကိုတွေ စုပေါင်းပြသတဲ့ပွဲမှာ ပါဝင်ဆင်နွှဲတဲ့ သဘောပါ"

ပန်းချီဇော်ဝင်း
(ကြည့်မြင်တိုင်)

တစ်ဝကြီးခံစား

ဆရာဝင်းသိန်းရဲ့ **"ကျေးလက်ရှုခင်း"**လို့အမည်ပေးထားတဲ့ ရေဆေးပန်းချီကားက ပဲခူးတိုင်းအတွင်းက ကျေးလက်တစ်ခုရဲ့ မြင်ကွင်းအလှကို ဖော်ပြထားတာပါ၊ ရွာအနီး ချောင်းရိုး၊ လှေနဲ့ကျေးလက် နေအိမ်တွေရဲ့ အသွင်အပြင်ကို ပကတိအတိုင်းမြင်တွေ့ခံစားရအောင် တင်ပြထားတာမို့ ကျေးလက်ရဲ့ လွတ်လပ်အေးချမ်းတဲ့ အလှကို တစ်ဝကြီး ခံစားလို့ရပါတယ်။

ပန်းချီ ဦးစောလှိုင်၏
"ချောင်းသာ ရွာက တံငါသည်"
ပန်းချီကားမှာလည်း လက်ရာမြောက်လှသည်"

"ကျေးလက်ရှုခင်း" **လို့ အမည်ပေးထားတဲ့ ဆရာဝင်းသိန်း၏ ရေဆေးပန်းချီကားက ကျေးလက်တစ်ခုရဲ့ မြင်ကွင်းအလှကို ဖော်ပြထားသည်။**

လက်ရာမြောက်

"ချောင်းသာရွာကတံငါသည်"လို့ အမည်ပေးထားတဲ့ ဆီဆေးပန်းချီကားကတော့ ဦးစောလှိုင်ရဲ့ လက်ရာဖြစ်ပါတယ်။ ချောင်းသာရွာရဲ့ ညနေဆည်းဆာအချိန်မှာ တောင်စွယ်ကိုကျတော့မယ့်နေရောင် နီစွေးစွေးက ရေပြင်ပေါ်ရိုက်ခတ်နေပုံ၊ အုန်းပင်တန်း၊ တံငါသည်တစ်ဦး၏ လှုပ်ရှားမှုတွေကို အလင်းအမှောင်အရောင်တွေအားကို ပိုင်ပိုင်နိုင်နိုင်ခြယ်မှုန်းထားပုံက တကယ့်မြင်ကွင်းအတိုင်း လက်ရာမြောက်လွန်းလှပါတယ်။

လေ့လာကြည့်ရှု

Snowflake ပန်းချီပြခန်းမှာ ပြသထားတဲ့ **"နွေဦးနှင်းမှုန် ဆေးရောင်စုံ"**ပန်းချီပြပွဲကတော့ အမည်နဲ့လိုက်အောင်ပဲ အေးချမ်းတဲ့ မြန်မာ့အလှ ရှုခင်းပုံရိပ်တွေချည်း ပြသထားတာမို့ ဝါသနာရှင်တွေ သွားရောက်လေ့လာ ကြည့်ရှုသင့်ပါကြောင်း အနုပညာသတင်း ဖြန့်ဝေပေးလိုက်ပါတယ်။ ။ **(မြန်မာ့အလင်း)**

မန္တလေးတောင်

မန္တလေးတောင်လို့ အမည်ပေးထားတဲ့ ပန်းချီလှတင်ထွန်းရဲ့ ပန်းချီကားက ဆွဲဆောင်မှု အပြည့်။

ကြာနီကန်ဦးရေဝတ (ဝါးခယ်မ)တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် လိပ်ပြာကန် ကြာနီကန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော် ဓမ္မကထိက ကြာနီကန် ဦးရေဝတ (ဝါးခယ်မ)ဆရာတော်သည် ဖေဖော်ဝါရီ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ပုသိမ် ကန်ကြီးဒေါင့်မြို့ ရွှေဘိုသဒ္ဓိသုခကျောင်းတိုက်၊ မတ် ၁ရက်နှင့် ၂ရက်တွင် တောင်ငူမြို့ သုဓမ္မာပရိယတ္တိစာမေးပွဲ သာသနာ့ဗိမာန်၊ ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် မြောင်းကြီးကျေးရွာ၊ ကြံခင်းမြို့နယ်၊ ၇ ရက်တွင် ရာဆင်ကျွန်းကျေးရွာ သနပ်ပင်မြို့နယ်၊ ၈ ရက်တွင် ပီလခတ်ကျေးရွာ ကျောက်တန်းမြို့နယ်နှင့် ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တွင် ကြာကန်ကျေးရွာ တာဝတိံသာဘုရားပွဲ၊ မြောင်းမြမြို့နယ် ညတရားပွဲများ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲ ပင့်လျှောက်လိုသူများသည် ဖုန်း-၀၁- ၅၅၈၂၉၇ နှင့် ၀၉-၅၀-၃၃၅၈ တို့သို့ ဆက်သွယ်နိုင် ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၂-၂-၂၀၀၈ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြား တော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅	၆။	အကပြိုင်ပွဲ
၈:၁၀	၇။	ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈:၂၀	၈။	ဆင်ဖြူရှင်တံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	English for Everyday Use
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အင်္ဂလိပ်စာ အထူးပြု) (အင်္ဂလိပ်စာ)
၁၆:၄၅	၄။	၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဇီဝဗေဒဘာသာရပ်)
၁၇:၀၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၂၀	၆။	**ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ** လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္ဇလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဂွမ်းပုံ
၁၇:၃၀	၇။	နှောင်းခေတ်တေးပဒေသာ
၁၇:၄၅	၈။	အာဆီယံလက်မှုအနုပညာ ပစ္စည်းပြပွဲနှင့် ၂၀၀၇ ခုနှစ် အာဆီယံလူငယ်တံဆိပ်ခေါင်းပြိုင်ပွဲ
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၁၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့်ဆုံစည်းခြင်း** (အပိုင်း-၁၁)
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆက်တိုင်း** (အပိုင်း-၄)
	၁၇။	နောက်တစ်နေ့အစီအစဉ်
	၁၈။	အစီအစဉ်ပြီး၏။

● **ရှေ့ဖုံးမှ**

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကင်းတားရေလွှဲဆည်သို့ရောက်ရှိပြီး လက်ဝဲမြောင်းအတွင်း နုန်းများ တူးဖော်နေမှု အခြေအနေများကို လည်းကောင်း၊ စမုံရေဂုပ်ပြွန်သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် မန္တလေးတိုင်းရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန တာဝန်ယူဆောင်ရွက်လျက်ရှိသော ဒိုင်ကောင်းကုန်း ရေတင်စခန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇော်က စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်တိုင်းမှူးသည် လျှပ်စစ်ရေတင် လုပ်ငန်းဆောင်ရွက်မည့် (ပီအက်စ်- ၂)နေရာ၌ ယန္တရားများဖြင့် လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရေပေးဝေနိုင်

အဆိုပါလျှပ်စစ် ရေတင်စီမံကိန်းသည် ကင်းတားရေလွှဲဆည်မှ ရေကိုစုပ်တင်၍ ၂၀၀၇-၂၀၀၈ခုနှစ်တွင် ဒိုင်ကောင်းကုန်း စိုက်ပျိုးဧက ၅၀၀၀နှင့် ၂၀၀၉-၂၀၁၀ခုနှစ်တွင် ကျန်စိုက်ပျိုးဧက ၂၅၀၀၀ကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

လက်ခံရယူကြကာ ပြည်နယ်တွဲဖက်ပြည်နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထိုမှတစ်ဆင့် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်၌ ကျင်းပသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တတိယအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှု အားပေးပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ရရှိသော အသင်းများအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ **ကျောဖုံးမှ**

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၆ရက်တွင် ငရုတ်ကောင်းမြို့ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍ ငရုတ်ကောင်းမြို့ ရေကျော်ကျေးရွာအုပ်စု စမ်းချောင်းကျေးရွာသို့ရောက်ရှိပြီး ကမ်းခြေ မြေသားဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ငရုတ်ကောင်း-ကွင်းဘက်လမ်းသည် အရှည် ၁၆မိုင် ၇ဖာလုံ၊ အကျယ် ၁၈ပေရှိပြီး လုပ်ငန်းများ စတင်ဆောင်ရွက်ကာ ပြီးစီးပါက ပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာမှ ဒေသခံပြည်သူများ ငရုတ်ကောင်း-ဆင်မ-ငွေဆောင်လမ်းမှ လည်းကောင်း၊ ငရုတ်ကောင်း-ငရုတ်ကောင်းတောင်-စိန်တောင်လမ်းမှ လည်းကောင်း ပုသိမ်မြို့သို့ အလွယ်တကူ သွားလာနိုင်မည်ဖြစ်သည်။

အမှတ်တရစိုက်ပျိုး

ထိုမှတစ်ဆင့် တိုင်းမှူးသည် စိန်တောင်-မော်တင်လမ်း မိုင်တိုင်အမှတ် (၂၇/၁)အနီး၌ FMI(MAGT)၏ ကြက်ဆူစိုက်ခင်းသို့ ရောက်ရှိပြီး မော်တင်စိုက်ကွင်း စီမံခန့်ခွဲရေးအဆောက်အအုံများကိုလည်းကောင်း 50 KVA ထွက်ရှိသော L6အင်ဂျင်၊ 130 KVA ထွက်ရှိသော V8အင်ဂျင်တို့ကို စပါးခွံအသုံးပြုလည်ပတ်မှုကို လည်းကောင်း၊ ကြက်ဆူပျိုးပင် ခြောက်သိန်းနှင့် ရော်ဘာပျိုးပင် ၁၃၀၀၀၀ ပျိုးထောင်ထားရှိမှုကို လည်းကောင်း၊ ရှင်သန်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းများကို လည်းကောင်း ကြည့်ရှုအားပေး၍ ခြံစည်းရိုးကြက်ဆူပင်ကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

MAGT Ltd. အနေဖြင့် ပုသိမ်-မော်တင်လမ်း၌ မြေဧက တစ်သိန်းရယူ၍ မော်တင်ကြက်ဆူစိုက်ခင်းအားပင်မ စီမံကိန်းပုံစံကို မလေးရှားနိုင်ငံ Golden Hope Plantations Berhed အဖွဲ့က တာဝန်ယူ ရေးဆွဲခဲ့ပြီး စိုက်ခင်း၌ ဧက၃၀ ကျယ်ဝန်းသော သုတေသနစိုက်ခင်း ထူထောင်ထားရှိကာ ၂၀၀၇ခုနှစ်တွင် ဧက၇၀၀ ကို စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၈ခုနှစ်တွင် ဧက ၁၀၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၇ရက်တွင် ပုသိမ်မြို့နယ် ငွေဆောင်မြို့၌ ခြံစည်းရိုးကြက်ဆူပင် ၈၀၀၀၀ ပျိုးထောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ငွေဆောင်မြို့ အနေဖြင့် ၂၀၀၆-၂၀၀၇ခုနှစ်တွင် ၈၆ဧက ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ၂၇၅၉ဧက စိုက်ပျိုးပြီးစီးကာ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ၃၁၄၉ဧက စိုက်ပျိုးသွားမည်ဖြစ်သည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ တိုင်းမှူးသည် မြို့နယ်ရုံး၌ ဌာနဆိုင်ရာများ၊လူမှုရေးအသင်းဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံပြီး မြို့နယ်ဆေးရုံ ဖွံ့စည်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တက်ရောက်ကုသမှုခံယူနေသူများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက်တိုင်းမှူးသည် ငွေဆောင်ကမ်းခြေအပိုင်း(၁)နှင့် (၂)အတွင်းရှိ အပန်းဖြေဟိုတယ်များ ဖွံ့စည်း တည်ရှိမှုနှင့် ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန်စာပေနှင့် စာနယ်ဇင်းအဖွဲ့ လေ့လာရေးခရီးသွားရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ အလုပ်အမှုဆောင် ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ၊ တောင်တွင်းကြီး)ခေါင်းဆောင်သော အဖွဲ့ဝင် ၅၀ ပါဝင်သည့် လေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက်တွင် ပဲခူးတိုင်း (အနောက်ပိုင်း)ရှိ ဇီးကုန်းမြို့ မြသိန်းတန်ဘုရား၊ ပြည်မြို့ရှိ ရွှေဆံတော်ဘုရားနှင့် ရွှေဘုန်းပွင့်စေတီတော်၊ ပန်းတောင်းမြို့ ရွှေဘုံသာမုနိဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဇီးကုန်းမြို့နယ်၊ ပြည်မြို့နယ်နှင့် ပန်းတောင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့နှင့် မိတ်ဆက်ပွဲ ကျင်းပကာ အမှတ်တရ လက်ဆောင်ပစ္စည်းနှင့် အလံများကို ပေးအပ်ကြသည်။

(သတင်းစဉ်)

ကံမြင့်ကျောင်းတိုက် သီတဂူဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက်ဓမ္မာရုံကြီးတွင် သီတဂူဓမ္မသဘင်ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၄ရက်၌ သီတဂူအရှင်ကုမုဒါလင်္ကာရ (သာသနဓဇ ဓမ္မာစရိယ)သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကလည်းကောင်း၊ ၂၅ရက် သီတဂူအရှင်တေဇိန္ဒ (သာသနဓဇ ဓမ္မာစရိယ) သီတာဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ လည်းကောင်း၊ ၂၆ရက် သီတဂူ ကြာတစ်ပွင့်အရှင်ခေမာသိရီ (မဟာ ဓမ္မကထိက ဗဟုဇနဟိတဓရ) ရွှေပြည်ဟိန်းကျောင်းက လည်းကောင်း၊ ၂၇ရက် သီတဂူအရှင်သုမန (သာသနဓဇ ဓမ္မာစရိယ) သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ လည်းကောင်း၊ ၂၈ရက် သီတဂူ ဒေါက်တာအရှင် ဝေဠုရိယဉာဏာ လင်္ကာရ၊ ပါမောက္ခ၊မော်ကွန်းထိန်းလက်ထောက်၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှလည်းကောင်း၊ ၂၉ရက် သီတဂူ ဒေါက်တာအရှင်ဣန္ဒက (သာသနဓဇ ဓမ္မာစရိယ) လက်ထောက်ကထိက (ITOMU) ပါမောက္ခ၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် အဘိဓမ္မာ မဟာသိပ္ပံ (ရန်ကုန်)မှ လည်းကောင်း၊ မတ် ၁ရက် သီတဂူ ဒေါက်တာကိတ္တိဗလ ပါမောက္ခ၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ လည်းကောင်း၊ မတ် ၂ရက် သီတဂူ အဓိပတိ ဆရာတော်ဒေါက်တာအရှင်ဉာဏိဿရမှ လည်းကောင်း ညစဉ် ၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်ရာ ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။

(က-ပ)

ကလေးမြို့ စကားလှဓမ္မာရုံကျောင်းတိုက် သမိုင်းဝင်ပွဲရ စကားလှဘုရားကြီးပွဲတော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီကြွချီပူဇော်ပွဲ အစီအစဉ်များ

၁၃၆၉ခု တပို့တွဲလပြည့်ကျော်၄ရက် ၂၅-၂-၂၀၀၈ (တနင်္လာနေ့)	ဘုရင်နရပတိဘုန်းရှိမင်းမြတ်ဆည်းကပ်ကိုးကွယ် ပူဇော်တော်မူခဲ့သော သမိုင်းဝင်ပွဲရ **စကားလှဘုရားကြီး**ကို ဘုရင့်နောင်လမ်းနေ **ဦးသိန်းအောင် ညီမဒေါ်စစ်မေ** မိသားစုတို့က ညအချိန် မီးရောင်စုံများ ထွန်းညှိလျက် **ရာဇဝင်း၊ ဒေဝါဝင်း** ဝင်းခင်းပြီး စည်ကားသိုက်မြိုက်စွာ မိမိနေအိမ်တိုက်တာမဏ္ဍပ်သို့ ပင့်ဆောင်ပူဇော်ပါမည်။ **အရိုးကြည် မဏ္ဍပ် (၂)ည (၂)ရက်**
တပို့တွဲလပြည့်ကျော်၅ရက် ၂၆-၂-၂၀၀၈ (အင်္ဂါနေ့)	မိမိတို့ တိုက်တာမဏ္ဍပ်တွင် **စကားလှဘုရားကြီး** အား အသံမစဲ ပဋ္ဌာန်းဓမ္မစကြာ ပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို တပ်ရင်း၊ တပ်ဖွဲ့အသီးသီး ဝတ်ရွတ်အသင်းများ၊ မြို့ပေါ်ဘုရားဝတ်ရွတ်အသင်းအဖွဲ့များမှ အလှည့်ကျရွတ်ဖတ်ပူဇော် ကုသိုလ်ပြုကြပါမည်။ ဝတ်ရွတ်ပူဇော်ပွဲအပြီးတွင် ဝတ်ရွတ်အသင်းအသီးသီးအား စားဖွယ်သောက်ဖွယ်တို့ဖြင့် ဧည့်ခံကျွေးမွေး ကုသိုလ်ပြုပါမည်။
တပို့တွဲလပြည့်ကျော်၆ရက် ၂၇-၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)	နံနက် ၅နာရီအချိန်တွင် **စကားလှဘုရားကြီး**နှင့် မိမိနေအိမ်တိုက်တာတွင် ကိုးကွယ်ထားသည့် **ဘုရားများ** ကို သံဃာတော်များ ကြွရောက်၍ **အနေကဇာတင်** ပူဇော်ကုသိုလ်ပြုပါမည်။ မွန်းလွဲ ၂နာရီတွင် **၂၈-ဆူဘုရားများ၊ စကားလှဘုရားကြီး** နှင့်အတူ ကလေးမြို့ နဂရာအတွင်း၌ လှဆန်းသာယာသည့် မြလမ်းတကာတို့တွင် ဘုရားဒါယကာအသီးသီးမှ လှည့်လည်ပူဇော်ပွဲများ ပြုလုပ်ကြပါမည်။
တပို့တွဲလပြည့်ကျော်၇ရက် ၂၈-၂-၂၀၀၈ (ကြာသပတေးနေ့)	**စကားလှဘုရားကြီး** ကို အနီးကပ် ပူဇော်ကြည်ညိုနိုင်ရန် စကားလှဗိမာန်တော်ကြီးအပေါ်ထပ်တွင် အပူဇော်ခံပါမည်။ **သစ်သီးမျိုးစုံ၊ ပန်းပေါင်းစုံ၊ မုန့်မျိုးစုံ၊ ဆွမ်းခဲဖွယ် စားသောက်ဖွယ်ရာ**များဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်နိုင်ကြပါသည်။
တပို့တွဲလပြည့်ကျော်၈ရက် ၂၉-၂-၂၀၀၈ (သောကြာနေ့)	ဘုရားပွဲတော်တွင် ပင့်ဖိတ်ကြွရောက်လာ ထေရ်သံဃာတော်၁၅၀ကျော်တို့မှ **စကားလှဘုရားကြီး**အား **အနေကဇာတင်** ပူဇော်ကြ၍ **မဟာတန္တုလဒါန** ဆွမ်းဆန်တော်လောင်းလှူပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပါမည်။ ပင့်သံဃာများအား ဆွမ်းဒါယိကာ အသီးသီးမှ နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြပါမည်။
တပို့တွဲလပြည့်ကျော် (၅၊၆၊၇၊၈)ရက်နေ့များတွင် ပွဲ(၄)ည	၁။ နာမည်ကျော်ကြားလူကြိုက်များသော **တက္ကသိုလ် ရဲထက်အောင်** ဇာတ်သဘင်အဖွဲ့မှ (ရှေ့ပိုင်း၊ နောက်ပိုင်း) ကပြဖျော်ဖြေပါမည်။ ၂။ ဘုရားပွဲတော်ရက်အတွင်း မြန်မာ့ရိုးရာမပျက် **လှည်းယဉ်ကျေး** ပြိုင်ပွဲ၊ **နွားပြိုင်ပွဲများ** ပါရှိပါသည်။
အထူးအစီအစဉ်	ဆွမ်းလောင်းပွဲနေ့ တပို့တွဲလပြည့်ကျော် ၈ရက်နေ့ မွန်းလွဲ ၁နာရီတွင် **"အငြိမ့်သဘင်"** ကပြ၍ မိမိတို့ လှူဒါန်းကံစမ်းထားကြသော ကံစမ်းမဲများ **(ဆိုင်ကယ်၊ တီဗွီ၊ ဒီဗွီဒီနှင့် အခြားကက်ဆက်၊ ရေဒီယိုများ)**စသည်များကို ကံစမ်းမဲဖောက်၍ ပြန်လည်ကုသိုလ်ပြုပါမည်။

စကားလှဂေါပကအဖွဲ့။

မုံရွာမြို့ တိုးချဲ့ရေပေးရေး ပိုက်လိုင်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နတ်လူထိပ္ပန်ရပ်ကွက် မြို့ရေပေးရေး တိုးချဲ့ပိုက်လိုင်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈နာရီက နတ်လူထိပ္ပန်ရပ်ကွက် တိုးချဲ့ရေပေးရေး ပိုက်လိုင်းသစ်ဖွင့်ပွဲကို ကျင်းပခဲ့ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ရပ်ကွက်ပြည်သူလူထုများ စုစုပေါင်းအင်အား ၁၁၀၀ကျော် တက်ရောက်သည်။

စတင်ဖွင့်လှစ်

အခမ်းအနားတွင် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးက မြို့ရေပေးရေး တိုးချဲ့ပိုက်လိုင်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရပ်ကွက်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်တို့က မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်က အများသုံးရေတိုင်အမှတ်(၁) ရေပိုက်ခေါင်းကို စတင်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်ပေး

အဆိုပါ တိုးချဲ့ပိုက်လိုင်းသစ်မှ ရပ်ကွက်အတွင်း အများသုံးရေတိုင်(၁၀)တိုင်နှင့် အိမ်တိုင်ရာရောက် ကိုယ်ပိုင်ရေတိုင် ၇၀အား နေ့စဉ်ရေပေးဝေသွားမည်ဖြစ်ကြောင်းနှင့် စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် ၁၈၆သိန်း အကုန်အကျခံကာ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

(မြို့နယ်စည်ပင်)

ဂုဏ်ထူးရှင်ဆု

ပြွန်တန်ဆာမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတို့ကို ဖေဖော်ဝါရီ ၁၇ရက်တွင် ရန်ကုန်မြို့ မဟာဝိဇယစေတီအနီးရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဓမ္မာရုံ၌ကျင်းပရာ အသင်းနာယက သီရိသုဓမ္မသီင်္ဂီ ဒေါ်ရွှေသက်က ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်နိုင်ငံလုံး၌ အဆင့်(၄)ရသူ မအဥ္ဇလီမိုးမိုးကျော်အား ဆုချီးမြှင့်စဉ်။

(က-ပ)

ဖေဖော်ဝါရီ ၂၁ရက်က ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မိသားစုများက သဃ်ာန်းကျွန်းမြို့နယ် နှင်းဆီကုန်း (က)ရပ်ကွက် မီးဘေးသင့်အိမ်ထောင်စု (၆၃)စု လူဦးရေ ၃၁၆ဦးအား ဆန်နှင့်ဆီ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲကို နှင်းဆီကုန်းလမ်း ဟိန္ဒူဘုရားကျောင်း မီးဘေးကယ်ဆယ်ရေး ယာယီစခန်း၌ပြုလုပ်ရာ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းနိုင် အမှာစကားပြောကြားစဉ်။

(၁၂၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၂-၂၀၀၈(သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	**'လူကြီးနဲ့လူအို'** တရားတော် (ဆရာတော်ဦးသုဇာတ)
၇း၅၅ - ၁း၅၅	ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ)၏ သာသနာ့မှတ်တိုင်
၈း၁၅ - ၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀ - ၂း၂၀	Myanmar Video Rhythm
၈း၄၀ - ၂း၄၀	အခြေခံစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်း
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀ - ၃း၂၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၃၀ - ၃း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	မင်းလှရေလှောင်တမံ
၉း၄၅ - ၃း၄၅	မိုးလေဝသခန့်မှန်းချက်
၉း၅၀ - ၃း၅၀	Art Vision (လှတင်ထွန်း တစ်ကိုယ်တော်ပန်းချီပြပွဲ)
၁၀း၁၀ - ၄း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၅၅ - ၄း၅၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ Maekhlar's Years (25th) Red Melody
၁၁း၄၀ - ၅း၄၀	များလှုဝေနေ ကုသိုလ်ယူ ပန်းတဥ်းတန်းရဲ့ ရွှေစင်အလှ
၁၂း၀၀ - ၆း၀၀	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၂း၂၀ - ၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅ - ၆း၂၅	ဖူးစာဖက်တို့ ဆုံစည်းဖို့ရာ (အကြင်နာလက်ဆောင် ရတနာ)
၁၂း၃၅ - ၆း၃၅	VJ Choice
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀	MRTV-4အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်များ၏အခန်းကဏ္ဍ

ချစ်ဆွေမြင့်

Tourism နှင့် ဟိုတယ်သည် ခွဲခြား ပြော၍ မရပါ။ Tourism သည် ဟိုတယ်နှင့် တည်းခိုရန်နေရာများ၊ စားသောက်ဆိုင်များ၊ သွားလာရေး ယာဉ်များ၊ လူတို့၏ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ဆက်နွှယ်မှုများ စသည်တို့အားလုံး၏ ပေါင်းစပ်ဖွဲ့စည်းမှုကိုလည်းကောင်း ယင်းတို့၏ ရေရှည် စံချိန်စံညွှန်းမီစွာ ထိန်းသိမ်းတည်ရှိနိုင်မှုကိုလည်းကောင်း ဦးဆောင်နေသော လူနှင့် သဘာဝတို့အတွက် ဖြစ်တည်မှုကြီးဖြစ်ပါသည်။ ဟိုတယ်နှင့် တည်းခိုရန်နေရာများသည် Tourism ကို ပံ့ပိုးကြမည့် Tourists တို့အတွက် မရှိမဖြစ် လိုအပ်သော ထောက်ပံ့၊ ပံ့ပိုးသည့် ဝန်ဆောင်မှု လုပ်ငန်းစဉ်ကြီး ဖြစ်ပါသည်။

ဒေသ၊ တိုင်းပြည်၊ နေရာ၊ လူတို့၏ စီးပွားနှင့် ဝင်ငွေကို အထောက်အကူပြုသည်ဟူသော အခြေခံမှလာသည့် စီးပွားရေး လုပ်ငန်းစဉ်သည်လည်း Touristsတို့၏ လိုအပ်ချက်အတွက် ဝန်ဆောင်မှုပေး၍ ထိုက်တန်သော အကျိုးစီးပွားကို ပြန်လည်ရယူခြင်း ဖြစ်ပါသည်။ ဤသို့ ဆက်နွှယ်နေခြင်းကြောင့် လူတို့သည် Tourism နှင့် ဟိုတယ်ကို တစ်ခါတစ်ရံ ခွဲခြားသုံးသပ်ခြင်း၊ ရောထွေးပစ်ခြင်း၊ မသဲကွဲခြင်းများ ရှိတတ်ကြပါသည်။ ယင်းမှာလည်း ကဏ္ဍတစ်ခုချင်း၊ လူတစ်ဦးချင်း၏ အယူအဆနှင့် လုပ်ငန်းအခြေခံအပေါ်မှ ဖြစ်တည်လာခြင်း ဖြစ်ပါသည်။ Travel Agents ခေါ် ခရီးသွားလာရေး ကိုယ်စားလှယ်တို့၏ ဝန်ဆောင်မှု လုပ်ငန်း လုပ်သည်ကို Tourismဟု တွေးထင်ယူဆရင်းမှလည်း ယင်းသို့ ဖြစ်လာဟန်ရှိပါသည်။ Tourists သည် Tourism သာ ဖြစ်ပါသည်။ ဟိုတယ်လည်း မဟုတ်၊ ခရီးသွားကိုယ်စားလှယ်လုပ်ငန်းလည်း မဟုတ်၊ စားသောက်ဆိုင်လုပ်ငန်းလည်းမဟုတ်၊ ခရီးသွားပို့ဆောင်ရေး ယာဉ်လည်း မဟုတ်၊ ဒေသယဉ်ကျေးမှု၊ ခေတ်မီယဉ်ကျေးမှုတို့ဖြင့် ဖျော်ဖြေခြင်းလည်း မဟုတ်ပါပေ။

မည်သို့ဆိုစေ ဟိုတယ်ဟု မိမိတို့ ယေဘုယျ နားလည်ထားသော လူတို့ အိပ်ရန်၊ နေရန် ဖွဲ့စည်းတည်ဆောက်ထားသောအခန်း(accommodation) သည် Tourism အတွက် မရှိမဖြစ် လိုအပ်ပါသည်။ နှစ်စဉ် နှစ်စဉ် ကမ္ဘာနှင့်အဝန်း လှည့်လည် သွားလာနေကြသော ခရီးသည်သန်းပေါင်း ၇၀၀ ကျော်အတွက် ဟိုတယ် သို့မဟုတ် accommodationများ လုံလောက်စွာ ရှိရန် လိုအပ်ပါသည်။ မိမိတို့ပင်လျှင် မိမိတို့၏ မိသားစုနေရန်သာ ရည်ရွယ်တည်ဆောက်ထားသော အိမ်သို့ ဧည့်သည် လာရောက်လည်ပတ်ပါက မြန်မာ့ယဉ်ကျေးမှုနှင့်အညီ အိပ်နိုင်တည်းခိုနိုင်ပါကြောင်း ဖိတ်မန္တကပြုမိပါသော်လည်း အပြန်အလှန် အခက်အခဲလေးတွေ ရှိတတ်သည်ကြောင့် ယနေ့အခါ မိမိတို့သည် ငွေကြေးတတ်နိုင်ပါက ဟိုတယ်ဖြစ်စေ၊ ဈေးနှုန်းချိုသာသော တည်းခိုခန်း၌ဖြစ်စေ တည်းခိုရန် စဉ်းစားကြပါသည်။

အိန္ဒိယနိုင်ငံသည် ကြီးမားကျယ်ပြန့်ပြီး အစဉ်အလာ ယဉ်ကျေးမှုနှင့် သဘာဝ အမွေအနှစ်များ ပေါကြွယ်ပါသည်။ ယနေ့အခါ Tourism စီးပွားရေး မြှင့်တင်ရန် မဟာဗျူဟာရည်မှန်းချက် ချမှတ်လိုက်သောအခါ မျှော်မှန်းထားသောဧည့်သည်များအတွက် အခန်း (အိပ်ခန်းဆောင်) လုံလောက်မှု မရှိသည်ကို တွေ့ရှိရကာ တိုးချဲ့ရန် စဉ်းစားတော့လည်း လူဦးရေ သိပ်သည်းမှုကြောင့် အခက်အခဲ ရှိနေပြန်ပါသည်။

ယင်းသို့ အခန်းလိုအပ်ချက်များကြောင့် ခရီးသွားဧည့်သည်တို့ တည်းခိုရန် ဟိုတယ်၊ တည်းခိုဆောင် စသည်တို့ ဖွဲ့စည်း တည်ဆောက်ကြရပါသည်။ ခရီးစဉ်ဒေသနှင့် ဧည့်သည်အမျိုးအစား ကွဲပြားမှုများကြောင့် ပုံစံအမျိုးမျိုး၊ အမည်အမျိုးမျိုးဖြင့် လူနေရန် အခန်းများကို တွေးခေါ် ဖန်တီးကြပြန်ပါသည်။ Hotel, Motel, Inn; Resort, Hostel,Transient Hotel, Lodge, Guest House,B&B, Time Share, Home Stay စသည့် အမည်အမျိုးမျိုးဖြင့် လိုအပ်သလောက် ဝန်ဆောင်မှုပေးကာ ငှားရမ်းကြခြင်း ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ကမ္ဘာလှည့်ခရီးသည် ပေါင်း သန်း ၇၀၀ကျော်သည် နှစ်စဉ် ခရီးသွားနေရာ အာဆီယံနိုင်ငံများသည် ထင်ရှားသော ခရီးစဉ်ဒေသများထဲ၌ ပါရှိပါသည်။ ကမ္ဘာလှည့်ခရီးသည် အားလုံး၏ ၁၀ရာခိုင်နှုန်း ခန့်ကို အာဆီယံနိုင်ငံများက ထိန်းသိမ်းထားနိုင်ပါသည်။ အာဆီယံနိုင်ငံခေါင်းဆောင်များသည် ဒေသအတွင်းသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်လည်ပတ်မှု တိုးတက်လာစေရန် နည်းလမ်းသစ်များကိုအမြဲကြံဆနေပါသည်။ အာဆီယံဒေသတစ်ခုလုံးကို Tourism ခရီးစဉ်ဒေသကြီး တစ်ခုတည်း အဖြစ်သာ ပုံဖော်ရန် ကြံဆည့်နှိုင်းနေ ကြပါသည်။ ASEAN Single Destination ဟူသော ခေါင်းစဉ် ဖြစ်ပါသည်။ အလားတူ တစ်ဖက်မှလည်း အာဆီယံ စီးပွားရေး အသိုက်အမြုံကို ၂၀၁၅ခုနှစ်တွင် စတင်ရန် သဘောတူညီပြီး ဖြစ်ပါသည်။ ASEAN Economic Community ဟု သုံးနှုန်းသွားပါသည်။ ယင်းကို အခြေခံ၍ အာဆီယံ ခရီးသွားလုပ်ငန်းခေါင်းဆောင်များက ခရီးသွားကဏ္ဍ၌လည်း တူညီသော အရည်အသွေး စံနှုန်းများ ရှိလာစေရန် လိုအပ်ချက်ကို တွေးယူ အကောင်အထည်ဖော်လာခြင်း ရှိပါသည်။ ယင်းကို ASEAN Tourism Standards ဟု ဖွဲ့စည်းကာ လုပ်ငန်းစဉ် သတ်မှတ်မှုကို တွေ့ရှိရပါသည်။

အာဆီယံ ခရီးသွားလုပ်ငန်း စံချိန်စံညွှန်းများ သတ်မှတ်ရာတွင် ဟိုတယ် အရည်အသွေး၊ ဟိုတယ် စံချိန်စံညွှန်းသည်လည်း အဓိကနေရာမှ ပါရှိနေပါသည်။ သို့ဖြစ်၍လည်း ဆောင်းပါးအစတွင် ဟိုတယ်သည် Tourism မဟုတ်သော်လည်း ခရီးသွားလုပ်ငန်းအတွက် အဓိကထောက်ပံ့၊ ပံ့ပိုးသော ဝန်ဆောင်မှုလုပ်ငန်းစဉ်ဟု ဖော်ပြရခြင်း ဖြစ်ပါသည်။

အာဆီယံ Tourism Standard အတွက် ပင်မ ပါဝင်နေသော ဟိုတယ်အရည်အသွေးများနှင့် ပတ်သက်ပြီး ဖော်ပြရာတွင် Green Hotel ဟု တင်စားထားကြပါသည်။ ဒေသ (အာဆီယံ) အတွင်း နိုင်ငံတကာ ဧည့်သည် တိုးတက်ဝင်ရောက်လာရန် Single Destination (တစ်ခုတည်းသော ခရီးစဉ်ဒေသကြီး) အဖြစ် ကြံဆောင်လာကြသည့်အခါ ဒေသအတွင်း ဟိုတယ်များ အရည်အသွေး အဆင့်အတန်း မြင့်မားရုံမျှမက ဆွဲဆောင်မှု ရှိစေရန်လည်း ယင်း Green Hotelစကားရပ်ဖြင့် တင်စားလာခြင်းဖြစ်ပါသည်။ နိုင်ငံအသီးသီးက ထူးခြားထင်ရှား၍ ပြီးခဲ့သောနှစ်များအတွင်း ဧည့်သည်များအကြား အပေါင်းအမှတ် (+ve) များ ရကြသော ဟိုတယ်များထဲမှ အကောင်းဆုံး ဟိုတယ်များကို Green Hotel Award ဆု ချီးမြှင့်ခဲ့ပေသည်။

နိုင်ငံအသီးသီးမှ Green Hotel ဆုချီးမြှင့်လိုသော ဟိုတယ်များ၊ Resorts များကို ရွေးချယ်စေ၍ ၂၂-၁-၂၀၀၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသော (၁၁) ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေး အပြီးတွင် အသိအမှတ်ပြု ဆုချီးမြှင့်ခဲ့လေသည်။ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနကလည်း ရန်ကုန်၊ ငပလီ၊ ကလော၊ အင်းလေး၊ ပုဂံ၊ ငွေဆောင် ခရီးစဉ်ဒေသများမှ ဟိုတယ်နှင့် အပန်းဖြေစခန်း (Resort) ၁၀လုံးကို ရွေးချယ်ကာ စာရင်းပေးပို့ခဲ့ပါသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ရှည်လျားလှသော အနာဂတ်ထိတိုင် အောင် ရှင်သန်နေမည့် ကဏ္ဍကြီး ဖြစ်ပါသည်။ ၂၁ ရာစုအတွင်း ကမ္ဘာကြီး၌ ရေနံအပါအဝင် သဘာဝသယံဇာတများ လျော့ပါးလာ၍ ဖြစ်လာမည့် ပြဿနာကို စဉ်းစားနေကြချိန်တွင် Tourism World သည် လူသားအားလုံးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အခြေခံခြင်း၊ ဦးစားပေးခြင်းလုပ်လာပါသည်။ Sustainable Tourismဟု ရေရှည်တည်သော Tourism ကို မျှော်မှန်းလာပါသည်။ လေးစားစရာကောင်းသော ဝိုင်းဝန်းဆောင်ရွက်မှုများ ဖြစ်ပါသည်။ Tourism သည် ထာဝရ ရှင်သန်နေမည် ဖြစ်ပါသည်။ လူတို့ စိတ်ကူးထားသကဲ့သို့ သိပ္ပံခေတ်ကြီး အံ့မခန်း ထွန်းကားလာလျှင်ပင် ကမ္ဘာမြေမှ အာကာသသို့ ခရီးသွားကြမည် ဖြစ်ပေသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရန် သဘာဝသယံဇာတများ ပြည့်စုံနေရုံဖြင့် မလုံလောက်တော့ပါ။ လူတို့ စိတ်ကူးဖန်တီးထားသော ဝန်ဆောင်မှုများဖြင့် လူတို့၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းရမည်ဖြစ်ပါသည်။

ဟိုတယ် လုပ်ငန်းရှင်များအားလုံး မိမိပိုင် ဟိုတယ်များ၊ မိုတယ်များ၊ Resort များကို Green Hotel အဆင့်အတန်း၊ အရည်အသွေး စံချိန်စံနှုန်းများအတိုင်း ဖြည့်တင်းမြှင့်တင်၍ ဧည့်သည် အဆင်သင့်ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ မိမိတို့ အဆင်သင့် ဖြစ်နေကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မိဘများအား အမှူးထား၍ ရန်ကုန်တိုင်း လှိုင်မြို့နယ် ၁၆ရပ်ကွက် မာလာမြိုင် ၄ လမ်း အမှတ် ၄၇ နေ ဦး မောင် မောင်ကျော် - ဒေါ်ချိုချိုမြင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စ ကား ဝါ လမ်း မင်းကွန်း တိပိဋက ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးနှင့် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ကျွန်းမျိုးရိုးဗီဇများ ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းစီမံကိန်း

စာတမ်းဖတ်ပွဲနှင့် နှီးနှောဖလှယ်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်နှင့် စပ်လျဉ်းသည့် အဖွဲ့အစည်း(International Tropical Timber Organization)တို့ ပူးပေါင်းဆောင်ရွက်သည့် ကျွန်းမျိုးရိုးဗီဇများ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းစီမံကိန်းမှ စီစဉ်ကျင်းပသည့် ကျွန်းသစ်စေ့ထုတ် ဧရိယာစီမံအုပ်ချုပ်ခြင်းနှင့် သစ်မျိုးသန့်ပြန့်ပွားရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် နှီးနှောဖလှယ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရေဆင်းရှိ သစ်တောသုတေသနဌာန၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားပြီး ကျွန်းမျိုးရိုးဗီဇ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သစ်စေ့ထုတ်ဧရိယာစီမံအုပ်ချုပ်ခြင်း၊ ကျွန်းမျိုးသန့်ပင် ရွေးချယ်သတ်မှတ်ခြင်းနှင့် ခေတ်မီမျိုးသန့်ပြန့်ပွားခြင်းဆိုင်ရာ သုတေသနစာတမ်းရှစ်စောင်ကို စာတမ်းရှင်များက ဖတ်ကြားတင်သွင်း ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လယ်ယာရွှေမြေလမ်း သုံးလွှာ အမှတ် ၈၇၈ နေ ဦးမောင်မောင်ကြိုင်အား ရည်စူး၍ ဇနီး ဒေါ်ခင်သန်းစီကို၊ သားကြီး ဦးသော်တာကြိုင်-ဒေါ်ရွှေစင်မင်း၊ သားငယ် ဦးသော်ဇင်ကြိုင်၊ မြေး မလပြည့်၊ မဖူးဖူး မိသားစုတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်း နာယက ဗိုလ်မှူးချုပ် အေဘယ်လ် (ငြိမ်း)က လက်ခံယူစဉ်။

(က-ပ)

ကန်တော့ပစ္စည်းပေးအပ်

ရန်ကုန်တက္ကသိုလ်(၁၉၆၉-၇၃) မြန်မာစာအဓိက ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယ ပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)က တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းပေးအပ်စဉ်။

(က-ပ)

မှော်ဘီမြို့နယ် သဲဖြူ အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ ခရိုင်အဆင့် ကျောင်းကျန်းမာရေး စံပြတတိယဆုရ သဲဖြူ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူအား မြို့နယ်ပညာရေးမှူး ဦးမြသိန်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(က-ပ)

ဈေးကွက်ဝယ်လိုအားကောင်းသည့် မြန်မာ့သနပ်ခါး

မေးမြန်းသူ - မြင့်မောင်စိုး(မြန်မာ့အလင်း) ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာ့သနပ်ခါးပင်များသည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ အနှံ့အပြား၌ အလေ့ကျပေါက်ရောက်သော အပင်အမျိုးအစား ဖြစ်သည်။ အများအားဖြင့် သနပ်ခါးပင်များကို သစ်တောကြိုးဝိုင်းများ၊ ကုန်းကြောမြေများ၊ ယာခင်းများ၌ ပေါက်ရောက်သည်။

ပခုက္ကူမြို့နယ် ရှင်မတောင်ဒေသမှထွက်သော မြန်မာ့သနပ်ခါးသည် မြန်မာမှာသာမက ကမ္ဘာအထိပင် လူကြိုက်များ ကျော်ကြားသည့် သနပ်ခါး ဖြစ်သည်။

သနပ်ခါးကို မြန်မာအမျိုးသမီးများသာမက အခြားလူမျိုးခြားများကလည်း ကြိုက်နှစ်သက်ကြသည်။ သနပ်ခါးလိမ်းခြင်းကြောင့် အသားအရေကို နေပူလောင်ဒဏ်မှ ကာကွယ်ပေးနိုင်ခြင်း၊ မျက်နှာပေါ်တွင် ဖြစ်ပွားတတ်သော ဝက်ခြံ၊ တင်းတိပ်စသော အဖုအပိမ့်၊ အမည်းစက်ပြောက်များကို သက်သာပျောက်ကင်း စေနိုင်ခြင်းတို့ကြောင့် လိမ်းသူ များပြားသည်။

သန်လျင်ကျိုက်ခေါက်စေတီ ဗုဒ္ဓပူဇနိယပွဲတော်၌ သနပ်ခါးများ ဤသို့ ရောင်းဝယ်ကြသည်။

သနပ်ခါးဆိုင်များကို ဘုရားဈေးပွဲ နေရာအနှံ့အပြားတွင် တွေ့ရသည်။ သနပ်ခါးဆိုင်ခန်းပေါင်း ရာကျော်ရှိသည်ကို တွေ့ရသည်။ နှစ်စဉ်နှစ်တိုင်း ပခုက္ကူမြို့နယ် ရှင်မတောင်ဒေသမှ သနပ်ခါး ကုန်သည်များက ဘုရားပွဲတော်သို့ လာရောက် ရောင်းချ ပေးနေသဖြင့် ရန်ကုန်မြို့၏ အကြီးမားဆုံးသော သနပ်ခါးဈေးကွက်ကြီး ဖြစ်လာသည်။

သက်တမ်း ၁၀နှစ်ရှိ ရှင်မတောင်သနပ်ခါးများ။

မြန်မာ့ရိုးရာသနပ်ခါးသည် မြန်မာ့လူမှုနယ်ပယ်တွင် အမျိုးသား၊ အမျိုးသမီး မရွေး၊ ကျေးလက်၊ မြို့ပြမရွေး လိမ်းလေ့ရှိသည်။ သနပ်ခါးလိမ်းခြင်းကြောင့် အသားအရေကို ချောမောလှပစေသည့် အပြင် စိတ်ကိုလည်း ကြည်လင်လန်းဆန်းစေသည်။

ပခုက္ကူခရိုင် ရှင်မတောင်ဒေသမှ ထွက်ရှိသော သနပ်ခါးများကို သနပ်ခါး ရောင်းချသူများက သန်လျင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်သို့ နှစ်စဉ်နှစ်တိုင်း လာရောက် ရောင်းချပေးလျက်ရှိသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် ဘုရားပွဲတော်သို့ ရောက်တုန်းရောက်ခိုက် မြန်မာ့သနပ်ခါးအကြောင်း တစေ့တစောင်းတင်ပြနိုင်ရန် သနပ်ခါး ရောင်းချသူအချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ရှေးဦးစွာ သနပ်ခါး ကုန်သည် ဦးတင်အောင်မိုးက ပြောကြားရာတွင် **"ကျွန်တော်တို့ ဒီဘုရားပွဲတော်မှာ နှစ်စဉ်နှစ်တိုင်းလာရောက် သနပ်ခါးရောင်းချပါတယ်။ အနှစ်၄၀လောက် ရှိပါပြီ။**

အပွေးကောင်းကောင်း၊ အသားလည်းမွှေးသည့် ရှင်မတောင်သနပ်ခါး။

ဒီမှာလာရောင်းတဲ့ သနပ်ခါးတွေဟာ ကိုယ်တိုင် ခြံနဲ့စိုက်ပျိုးပြီး ခုတ်ရောင်းတာလဲပါတယ်။ အပြင်က တစ်ဆင့်ဝယ်တာလဲပါတယ်။ ဒီဘုရားပွဲတော်မတိုင်မီ တစ်လလောက် ကတည်းက သနပ်ခါးတွေ ကြိုဝယ်စုဆောင်းထားရပါတယ်။ ယူလာတဲ့ သနပ်ခါးတွေ အကုန်လုံး ဒီဘုရားပွဲမှာ အကုန်အပြတ် ရောင်းရပါတယ်။ သနပ်ခါးသည်တွေ ဒီလောက်များပေမယ့် ဘုရားပွဲပြီးတာနဲ့ သနပ်ခါးတွေလဲအကုန်ရောင်းရတာပါပဲ။ မကုန်တဲ့ နှစ်မရှိပါဘူး"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

"ဒီဘုရားပွဲတော်မှာသနပ်ခါးအဓိကဝယ်တဲ့သူတွေကတော့ ရန်ကုန်မြို့ကလာတဲ့ ဘုရားဖူးလာပြည်သူတွေ၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်း၊ တံတား၊ ကွမ်းခြံကုန်းစတဲ့မြို့မှလာတဲ့ ဘုရားပွဲ လာသူတွေနဲ့ ဘုရားပွဲအနီးဝန်းကျင်မှာရှိတဲ့ ဘုရားပွဲလာသူတွေ အများဆုံး ဝယ်ကြပါတယ်"

"သနပ်ခါးဟာ တောတောင်တွေထဲမှာ ယာတွေထဲမှာ အလေ့ကျပေါက်တာရှိတယ်။ နေအိမ်တွေမှာ သနပ်ခါး အစေ့ကနေ ခြံနဲ့ဝင်းနဲ့စိုက်တာရှိတယ်။ သနပ်ခါးစိုက်ပျိုးတဲ့သက်တမ်းအနည်းဆုံး ၁၀နှစ်ရှိမှ ခုတ်ရောင်းနိုင်တဲ့ အနေအထားရှိပါတယ်။ ဒါမှလဲ အပွေးအခေါက်ကထူပြီး မာမာကျောကျောရှိတယ်။ သနပ်ခါးကို သက်တမ်းနုနုနဲ့ ခုတ်ရောင်းရင် အခေါက်က ပါးလဲပါး အမွှေးလဲနည်းပါတယ်"ဟု သနပ်ခါးရောင်းသူ ဒေါ်မြင့်မြင့်ကြည်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ သနပ်ခါးရောင်းသူ ဒေါ်အေးသာက ပြောကြားရာတွင် **"ကျွန်မ ဒီဘုရားပွဲမှာ သနပ်ခါးလာရောင်းတာ ကျွန်မ အသက် ၂၀ အရွယ်ကတည်းကပါ၊ အခု အသက် ၆၀ ရှိပါပြီ။ နှစ်စဉ်နှစ်တိုင်း လာရောက်ရောင်းချပါတယ်။**

"ကျွန်မတို့ ဒီသနပ်ခါးတွေကို အချောင်းလိုက်လဲ ရောင်းပါတယ်။ အတုံးလေးတွေ ဖြတ်ရောင်းတာလဲ ရှိပါတယ်။ အချောင်းလိုက်ဆိုရင်သက်တမ်း ၁၀နှစ်ရှိတဲ့ သနပ်ခါးအချောင်းတစ်

သနပ်ခါးတုံးများကို ဤသို့ ဖြတ်တောက်၍လည်း ရောင်းချပေးသည်။



ချောင်းကို ကျပ် ၃၅၀၀ ဝန်းကျင်နဲ့ ရောင်းပါတယ်။ သက်တမ်း ၂၀ရှိတဲ့ သနပ်ခါးဆိုရင် ကျပ်တစ်သောင်း ဝန်းကျင်နဲ့ ရောင်းပါတယ်။ အတုံးကလေးတွေဖြတ်ရောင်းရင်တော့ ကျပ် ၅၀၀၊ ကျပ် ၁၀၀၀နဲ့ ကျပ်၁၅၀၀ အစားစား ရှိပါတယ်"ဟု ဒေါ်အေးသာက ဆက် လက်ပြောကြားသည်။

မြန်မာ့သနပ်ခါးသည် သဘာဝအလျောက် ပေါက်ရောက်ခြင်းကြောင့် သနပ်ခါးလိမ်းသူများအတွက် ကျန်းမာရေး အထူးကောင်းမွန်ပါသည်။ သို့ဖြစ်ပါ၍ ရှင်မတောင် သနပ်ခါးစစ်စစ် ဝယ်ယူလိမ်းလိုသူများအတွက် သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီ တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသိင်္ဂီပျော်ဘွယ် ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသိင်္ဂီ ပျော်ဘွယ်ပဋိပတ္တိ သာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ ပြည်တွင်းပြည်ပ သာသနာပြုဓမ္မကထိက ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီသည် ဖေဖော်ဝါရီ ၂၅ရက် ညနေ ၈ နာရီတွင် ပျော်ဘွယ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပျော်ဘွယ်မြို့ ရွှေပြည်သာစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့နှင့် ပျော်ဘွယ်မြို့နယ်လုံးဆိုင်ရာ ကရုဏာရှင်နာရေးကူညီမှုအသင်းတို့က ရွှေပြည်သာဘုရား ကဇာတ်ရုံကွင်းတွင် ကျင်းပသော ဓမ္မသဘင်၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မကွေးမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မကွေးဆရာတော်နှင့် ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်က နိုင်ငံတော်မှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ထုတ်ပြန်ဆက်ကပ်သည့် မကွေးမြို့ မဟာဓမ္မိကာရာမကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ၊ အသက် ၇၅နှစ်အထက် သက်ကြီးပုဂ္ဂိုလ်များအား ပူဇော်ကန်တော့ခြင်း၊ ၂၀၀၇ ခုနှစ်တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် သင်းလုံးကျွတ် အစည်းအဝေးကို မတ် ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသက် ၇၅ နှစ်ပြည့်ပြီးသည့် အသင်းဝင်ပုဂ္ဂိုလ်များနှင့် ဂုဏ်ထူးရ သားသမီးများစာရင်းကို မတ် ၅ ရက် နောက်ဆုံးထား စာရင်းပေးပို့ကြရန်နှင့် မကွေးမြို့နယ်သူ မြို့နယ်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အသင်းဝင်ပြီးသူ ဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဥက္ကဋ္ဌ ဦးအေးကို ဖုန်း-၆၈၁၁၁၃၊ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးကြည်မောင် ဖုန်း-၅၇၈၃၁၅၊ ဦးကြည်စိုး ဖုန်း ၀၉-၅၁-၂၇၅၁၁ နှင့် ဦးစစ်သိန်း ဖုန်း-၆၄၀၄၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် မြို့သစ် ၈ လမ်းနှင့် ၂လမ်းသွယ် ၁ ထောင့် အမှတ်(၁၉/ခ)နေ သက်ပိုင်ဖော် (ဘ)ဦးကြီးမြင့်၏ ပြည့်စုံအေးလက်ဖက်ရည်ဆိုင်အပေါ် ထပ်အိပ်ခန်းတွင် ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၆နာရီ ၄၅မိနစ် ခန့်က ဖယောင်းတိုင် မီးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ရာ လက်ဖက်ရည်ဆိုင် အပေါ်ထပ်တစ်ထပ်လုံး မီးကူးစက်လောင်ကျွမ်းသွားသည်။ မီးလောင်ရာသို့ မီးသတ်ယာဉ်သုံးစီး၊ အုပ်ချုပ်ယာဉ် တစ်စီးတို့ လာရောက်မီးငြိမ်းသတ်ခဲ့သည်။ မီးပေါ့ဆစွာသုံးစွဲသူ သက်ပိုင်ဖော်အား ဘုရင့်နောင်ရဲစခန်းမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅ အရ အမှုဖွင့်အရေး ယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

စဉ့်ကူးမြို့တွင် မီးကြွင်းမီးကျန်မှ မီးလောင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ဇီးကုန်းကျေးရွာတွင် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၂ နာရီက တောင်သူ ဦးဘိုပု (ဘ)ဦးထွန်းဦး၏နေအိမ် မီးကြွင်းမီးကျန်မှစ၍ မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ် ၁၄ လုံး မီးလောင်ခံရပြီး အိမ်ထောင်စု ၁၆ စုမှ မိသားစု ၇၉ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ စဉ့်ကူးရဲစခန်းမှ ဦးဘိုပုအား အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး မီးဘေးသင့်ခံရသည့် ပြည်သူများအား တာဝန်ရှိသူများက ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖယောင်းတိုင်မီးမှ သီလရှင်ကျောင်းမီးလောင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရွှေပြည်သာမြို့နယ် (၆/၁၀)ရပ်ကွက် မြေတိုင်း ၁၉ မဲခေါင်လမ်းရှိ ပတ္တမြားမျက်ရှင် အေးမေတ္တာသီလရှင်ကျောင်းတွင် ဖေဖော်ဝါရီ ၂၀ ရက် နံနက်က ဖယောင်းတိုင် မီးမှတစ်ဆင့် အကျယ် ၁၀ ပေ ပတ်လည်ခန့်ရှိ ဝါးထရံကာ ပျဉ်ခင်း သွပ်မိုးအဆောက်အအုံနံရံအား မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် ပတ်ဝန်းကျင်နေ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းသွားကြောင်း သိရသည်။ မီးလောင်မှုကြောင့် သီလရှင်ကျောင်း၌ တစ်ပါးတည်းနေထိုင်သည့် သီလရှင်ဆရာကြီး ဒေါ်ဥတ္တမစာရီ သေဆုံးသွား ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ရွှေပြည်သာရဲစခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးအားမြှင့်စက်မှ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် နှင်းဆီကုန်း (က)ရပ်ကွက် နှင်းဆီကုန်းလမ်း အမှတ် ၁၅၇ အိမ်ရှင် ဦးလှစိန်၏သားဖြစ်သူ ရာဖစ်ဘိုင်(ခ) ကျော်ဝင်း အသက်(၄၄ နှစ်) (ဘ)ဦးလှစိန်နေထိုင်ရာ သစ်အဟောင်းအရောင်းဆိုင် အိမ်အပေါ်ထပ်ရှိမီးအားမြှင့်စက်မှ မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ နှင်းဆီကုန်း (က) ရပ်ကွက်နှင်းဆီကုန်းလမ်း အမှတ် ၁၅၇ သစ်အဟောင်းအရောင်းဆိုင်နှင့်တွဲလျက် လူနေအိမ်အပေါ်ထပ်၌ ဖေဖော်ဝါရီ ၂၀ရက်နံနက် ၁နာရီမိနစ်၄၀တွင် မီး အားမြှင့်စက်မှ မီးအားလျှော့ချရန် သတိမေ့သဖြင့် လျှပ်စစ်ဗို့အားများပြီး မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားသည်။

ယင်းမီးလောင်မှုနှင့်ပတ်သက်၍ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရဲစခန်းမှ အိမ်ရှင်၏သားဖြစ်သူ ရာဖစ်ဘိုင်(ခ) ကျော်ဝင်းအား မီးပေါ့ဆမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၂၈၅အရ အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိသည်။ **(၁၂၁)**

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား ဂျပန်နိုင်ငံကုမ္ပဏီမှ ညှိအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား ဂျပန်နိုင်ငံ Tsuneishi Holdings Corporation/ Kambara Kisen Co. မှ အဆင့်မြင့်တာဝန်ရှိပုဂ္ဂိုလ်များသည် ဖေဖော်ဝါရီ၁၉ရက် နံနက် ၁၀နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ အကျိုးတူလုပ်ငန်း ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်လိုသော ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

နှစ်ဖက်သော မိဘများကို ဦးထိပ်ထား၍ရန်ကုန်တိုင်း သာကေတမြို့နယ် ရန်ပြေ ၃ရပ်ကွက် ရန်အောင် တိုးချဲ့ ၂လမ်း အမှတ် ၁၄၆(က)နေ ဦးအောင်မွေးနေ့အလှူ-(ဒေါ်ခင်သီ) သား သမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၂ စ ကား ၀၁ လမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မရမ်းကုန်းမြို့နယ် သီရိ မင်္ဂလာ ကမ္ဘာအေး စေတီတော်မြတ်ကြီး၏ ထီးတော်သစ် တင်လှူ ပူဇော်နိုင်ရန်အတွက် ကမ္ဘာအေး စေတီတော်ဈေးတန်း ဈေးသူ ဈေးသားများ မိသားစုက ငွေကျပ် ၁၃၀၀၀၀ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးတင်ဦးနှင့် ဦးခင်မောင်အေးတို့ လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်

မိုးမောက် ဖေဖော်ဝါရီ ၂၁

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် အမှိုက်များကင်းရှင်းစေရေးအတွက် ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၈ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးနူးဆောင် ဦးဆောင်သော ဝန်ထမ်းများဆောင်ရွက်လျက်အမှုဆောင်အရာရှိ ဦးတင်မောင်ထွေး အနီးကပ်ကြီးကြပ်ခဲ့သည်။ **(မြို့နယ်စည်ပင်)**

သုဝဏ္ဏမြို့ ၂၉ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းနေ ကျန်ရစ်သူ မောင်နှမတစ်စုက မိဘနှစ်ပါးနှင့် မောင်လေး မောင်ကျော်ကျော်နိုင်အား ရည်စူး၍ မင်းဒင်လမ်းတွင် တည်ဆောက်လျက်ရှိသော ပုညကာရီမွေ့ရာရုံ တနင်္လာပတ်သံဃာ့ဒါန ဆွမ်းလောင်းအသင်းအတွက် အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ နာယက ဦးလှကျော်နှင့် အတွင်းရေးမှူး ဦးမြင့်ဖော်တို့ လက်ခံယူစဉ်။ (က-ပ)

ငွေဆောင်မြို့ ရုံးပေါင်းစုံ အတက်လမ်း ကတ္တရာခင်း

ပုသိမ် ဖေဖော်ဝါရီ ၂၁

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ငွေဆောင်မြို့စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရုံးပေါင်းစုံအတက်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၅ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံ ဒုတိယ ဦးစီးမှူး ဦးမင်းဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကျော်သူမင်းတို့ လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မင်္ဂလာတောင်ညွန့် မြို့နယ် အမှတ်(၉) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၆-၂၀၀၇ပညာသင်နှစ် ပညာရည်ချွန်ဆု ပေးပွဲကို ဖေဖော်ဝါရီ၁၇ရက်က ကျောင်းခန်းမ၌ကျင်းပရာ တတိယတန်းမှ မောင်နိုင်မင်းထက်အား ကျောင်းအုပ်ဆရာကြီး ဦးလှိုင်ကြွယ်က ဆုပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

စမ်းချောင်းမြို့နယ် အတုလာ ဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား (၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးတွင် ပျော်ပွဲရွှင်ပွဲ ကျင်းပရေးကော်မတီက ဖေဖော်ဝါရီ ၁၀ရက်တွင် မြန်မာ့ရိုးရာ ခြင်းအလှခတ်ပြဖျော်ဖြေရာ ဟာသအကျော်အမော် မော်ကျွန်း ဦးဖိုးထောင်နှင့်အဖွဲ့အား ဂေါပကအဖွဲ့ဝင် ဦးသန်း ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (၁၀၃)

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၈ခုနှစ် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ(Myanmar PGA and Myanmar Golf Federation President Cup 2008) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီက ပဲခူးတိုင်း ပဲခူး မြို့နယ်ဆယ်မိုင်ကုန်းရှိ ဟံသာဝတီ ဂေါက်ကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲဖွင့်လှစ်ပေး

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများသည် တီခုံ ၁၀ ၌ နေရာယူကြပြီး မြန်မာ ပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း) **(အပေါ်ပုံ)**၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်၊ Inno Group Co.,Ltd.၊ မြန်မာပြည် ဌာနေကိုယ်စားလှယ် Mr.Ho Sank OK၊ IBTC မှ Design and Development ဒါရိုက်တာ ဦးတင့်ဦး၊ ဟံသာဝတီဂေါက်ကွင်း ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးလေးမြင့် (ငြိမ်း)နှင့် Han Golf Masters Pte.,Ltd.မှ ဒါရိုက်တာ ဦးကိုကိုလေးတို့က အလှည့်ကျ



ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြပြီး ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ဦးဆောင်ကစား

ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ဇော်ဇော်လတ် (Point Golf) က သတ်မှတ်ရိုက်ချက် လေးချက်လျှော့ရိုက်ပြီး ၆၈ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သိန်းဇော်မြင့် (KM Golf Centre) ကလည်း သတ်မှတ်ရိုက်ချက်ထက် သုံးချက် လျှော့ရိုက်ပြီး ၆၉ချက်ဖြင့် ဒုတိယလိုက်ကာ Khim Seng Young နှင့် Park Kyung joon တို့က ၇၂ချက်စီဖြင့် တတိယလိုက်နေကြသည်။

အမျိုးသားအပျော်တမ်း ပြိုင်ပွဲတွင် အောင်ဝင်းက သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး ၇၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ နေဗလဝင်းမြင့်နှင့် ဘိုဘိုလေးတို့က ၇၂ချက်စီဖြင့် ဒုတိယလိုက်နေကြသည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲတွင် Co-Sponsors များအဖြစ် Air Bagan Ltd.၊ INNO Group Co.,Ltd.၊ EDEN Group Co., Ltd.၊ Srixon၊ K.M Golf Centre၊ Alpine (Purified Drinking Water)၊ Dagon Brewery Ltd.၊ Heather Gate Whisky၊ Accel International (Canon) Co.,Ltd. နှင့် Hanthawaddy Golf And Country Clubတို့က ထပ်မံ၍ ပံ့ပိုးကူညီ ကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၅)နှစ်ပြည့် ငွေရတုလက်ထပ်မင်္ဂလာ
၂၂-၂-၂၀၀၈
ဦးဘရွှေ-ဒေါ်နန်းဝင်းကြည်

၂၂-၂-၂၀၀၈ရက်တွင် ကျရောက်သော **အချစ်ဆုံးဖေဖေ** နှင့် **အချစ်ဆုံး မေမေ**တို့၏ (၂၅)နှစ်ပြည့် ငွေရတုလက်ထပ်မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် သာယာချမ်းမြေ့မှုအပေါင်းခညောင်းပြီး လောကီလောကုတ္တရာအကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေ ဆုမွန်ခြွေလျက်-

သားကြီး - ဗညားကို(SR/DC, Uniteam Marine)
သားလတ် - ဒုဗိုလ်ရှိုင်းအာကာ
သမီးငယ် - နန်းဝင့်ယုမွန်(ဆဋ္ဌမတန်း-A၊ အမက ရှမ်းတော၊ မိုးကုတ်မြို့)

သန့်လေးသန့် ပညာပေးသီချင်းပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

၁။ ရေသန့်၊ အစာသန့်၊ လက်သန့်၊ အိမ်သာသန့်ဟူသော "သန့်လေးသန့်"ကို အခြေပြု၍ အသက်(၅-၉)နှစ်အရွယ် ကလေးငယ်များကို ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်များရရှိစေရန် သီချင်းတစ်ပုဒ်လျှင်"တစ်သန့်"ကိုသာ ရည်ညွှန်းရေးသားရမည်။
၂။ တစ်သန့်စီမှ အကောင်းဆုံးသုံးပုဒ်စီရွေးချယ်ကာ စုစုပေါင်းသီချင်း ၁၂ပုဒ်ကို ရွေးချယ်မည်။ တစ်ပုဒ်လျှင် ငွေကျပ်တစ်သိန်းစီ ဆုချီးမြှင့်မည်။
၃။ ပြိုင်ပွဲဝင်ရာတွင် ထည့်သွင်းရေးသားရမည့် သန့်လေးသန့်နှင့် ပတ်သက်သော အချက်အလက်များ၊ ပြိုင်ပွဲစည်းကမ်းများနှင့် ဝင်ခွင့်လျှောက်လွှာတို့ကို သန့်လေးသန့်ရုံးခန်းတွင် လာရောက်ကြည့်ရှု အခမဲ့ထုတ်ယူနိုင်ပါသည်။ တစ်နိုင်ငံလုံးမှ ဝါသနာရှင်များ ပါဝင်နိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်ရန် - သန့်လေးသန့်ရုံးခန်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှတ် ၁၆၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၄၂၇၀၊ ၀၁-၅၄၄၂၇၁၊ ဖက်စ်-၀၁-၅၄-၉၄၆၃
ပြိုင်ပွဲပိတ်ရက် - ၃-၃-၂၀၀၈ ရက်(တနင်္လာနေ့)

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဂုဏ်ပြုပွဲဖိတ်ကြားခြင်း

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဂုဏ်ပြုပွဲ ကျင်းပမည်ဖြစ်ပါ၍ အသင်းနာယက လူကြီးမင်းများ၊ အသင်း၏အလုပ်အမှုဆောင်များ၊ အသင်းသူအသင်းသားများ၊ ဂုဏ်ပြုခံပုဂ္ဂိုလ်များနှင့် ၂၀၀၆-၂၀၀၇ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ခရမ်းမြို့နယ်သူ မြို့နယ်သားများ၏ သားသမီး ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ (ဖိတ်စာသီးခြား မပို့ပါ။)

ကျင်းပမည့်နေ့ရက် - ၂၃-၂-၂၀၀၈ရက်(စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀း၃၀နာရီ
ကျင်းပမည့်နေရာ - သီရိအဏ္ဏဝါခန်းမ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်။

အလုပ်အမှုဆောင်အဖွဲ့၊ ခရမ်းမြို့နယ်အသင်း(ရန်ကုန်)။

လက်ထပ်မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာနေ
ဦးမြင့်သိန်း[ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန]-ဒေါ်သီသီနွယ်တို့၏သားငယ်

မောင်ရဲမွန်သိန်း B.Sc(Physics)Final Year
Chief Mate(FG)Chief Officer
Eastwind Shipmanagement Pte Ltd. (Singapore)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၃၂၊ သီရိမွန်လမ်း၊ သီရိမွန်ပလာဇာဝင်း၊ ဘုရင့်နောင်နေ
ဒုတိယဗိုလ်မှူးကြီးမြင့်အောင်(ငြိမ်း)-ဒေါ်သန်းရီ
တို့၏သမီးငယ်

ဒေါက်တာမိုးသန္တာအောင်
M.B., B.S(YGN)
လက်ထောက်ဆရာဝန်၊ မြန်မာ့မီးရထားဆေးဌာန၊ ရန်ကုန်မြို့

တို့၏ ၁၇-၂-၂၀၀၈ ရက်တွင် Sedona Hotel(Grand Ballroom)၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဗိုလ်ချုပ်လှထွန်း(ငြိမ်း)နှင့် ဇနီး ဒေါ်တင်တင်လှိုင်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ဗိုလ်မှူးကြီးညွန့်ဆွေ(ငြိမ်း)နှင့် ဇနီး ဒေါ်သက်သက်ဆွေတို့အားလည်းကောင်း၊ ၈-၂-၂၀၀၈ ရက်တွင် Dolphin Restaurant၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဗဟိုတရားရုံးချုပ် ညွှန်ကြားရေးမှူး ဦးတင့်ဝေအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှဂုဏ်သရေရှိလူကြီးမင်းများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပါမောက္ခချုပ်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဆေးဘက်ဆိုင်ရာ ပါမောက္ခများနှင့် ဆရာဝန်များ၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၁)မှ ကျောင်းဆင်းအရာရှိမိသားစုများ၊ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားမှူးဦးသင်မြင့်သန်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင်စိမ်းမိုမို၊ Nightingale တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံ မမဋ္ဌူ၊ မိတ်ကပ်အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယို ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မမိုးပွင့်ဖြူ၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မရီမေလွင်၊ သတို့သားအရံ မောင်မိုးဟိန်းကျော် Second Mate(FG)၊ သတို့သမီးအရံ ဒေါက်တာထားထားတို့အားလည်းကောင်း၊ ၁၇-၂-၂၀၀၈ ရက်ညတွင် Panda Hotel၌ကျင်းပသော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးသော နှစ်ဖက်ဆွေမျိုးများနှင့် မိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ Sedona Hotel၊ Dolphin Restaurant နှင့် Panda Hotel မှမန်နေဂျာနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်ရဲမွန်သိန်း Chief Mate(FG)-ဒေါက်တာမိုးသန္တာအောင်။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၂၁၃၉ ဟွန်ဒိုင်း စတေလာဆလွန်း လက်ဝယ်ရှိသူ ဦးသက်နောင် ၁၂/ဒဂတ(နိုင်)၀၁၂၄၃၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

က-ည-န၊ အနောက်ပိုင်းခရိုင်ရုံး၊ (သဃ်န်းကျွန်းမြို့နယ်)။

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်သူလူထုအသိပညာမြှင့်တင်မှု ဖွံ့ဖြိုးရေးလုပ်သား သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဗန်းမော်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် CARE MYANMAR အဖွဲ့တို့ပူးပေါင်းဖွင့်လှစ်သောကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထု အသိပညာမြှင့်တင်မှု ဖွံ့ဖြိုးရေးလုပ်သားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ၁၆ရက်တွင် သာစည်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်ဆွေက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်အေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

သင်တန်းသို့ သင်တန်းသားသင်တန်းသူ၁၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



တောင်ဥက္ကလာပမြို့နယ် အခြေခံပညာမူလတန်းကျောင်းအမှတ်(၂၅) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က ကျောင်းခန်းမတွင်ကျင်းပရာ ငါးနှစ်ဆက်တိုက် ထူးချွန်ဆုရ စတုတ္ထတန်းမှ မောင်ဘုန်းဝေယံအား ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်မြင့်က ဂုဏ်ပြုဆုပေးအပ်စဉ်။ (၁၀၀)

ဒေါက်တာဦးစံတင်အောင်(ရွှေဘို)
လက္ခဏာပညာပါရဂူဘွဲ့ရရှိခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ အပြည်ပြည်ဆိုင်ရာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့မှ (၂၁-၁-၂၀၀၈)ရက်တွင် လက္ခဏာပညာပါရဂူဘွဲ့ ချီးမြှင့်ခံရခြင်းနှင့်အတူ၊ နိုဘယ်လ်ဆုရှင် ရာဘင်ဒရာနတ်တဂိုးဆု၊ မဟာပညာရှင်ဆု၊ ရွှေရောင်အသင်းသားလက်မှတ်တို့ကို ချီးမြှင့်ဂုဏ်ပြုခံရခြင်းအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းသာပါကြောင်း။ (တပည့်၊ မိတ်ဆွေများ)

တပည့်များ	**မိတ်ဆွေများ**
ဆရာကြီးဦးစံအေး(ထန်းတပင်ဇီးကုန်း)	ဦးတင်အောင်မိသားစု(ငါးလုပ်ငန်းရွှေဘို)
ဆရာမဒေါ်စန်းစန်းခိုင်(ရွှေဘို)	ရွှေဘိုခရိုင်၊မ-အ-ဖ အဖွဲ့ဝင်များ
ဆရာဦးထွန်းဦး(ရွှေဘို)	ဦးခင်မောင်သန်း(မိုးစာကူးစာရိုက်ရွှေဘို)
ဆရာဦးကျော်မြတ်မင်း(ရွှေဘို)	ဆရာမကြီးဒေါ်လှညွန့်နှင့်သူငယ်ချင်းများ
ဆရာစံဇာဏီအောင်(လားရှိုး)	အစ်မကြီးဒေါ်ခင်နွဲ့နှင့်မိသားစုများ(ရွှေဘို)
ဆရာမဒေါ်အေးမြစံ(မန္တလေး)	ဦးစောမောင်-ဒေါ်စန်းရီ(ဆန်းလိုက်စတိုး၊ မန္တလေး)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားအနီးရှိ ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီးအတွက် အလှူရှင် ဦးရဲမြင့်–ဒေါ်ခင်မာမင်း(ဒုတိယညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး)၊သား မြင့်မောင်တင့်၊ မြင့်မောင်ဆင့်၊ သမီး မြင့်သူဇာမင်း အမှတ် ၁၆၈ အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်တိုင်းက အလှူငွေကျပ်ငါးသိန်းကို ပဓာနဆရာတော် ဘဒ္ဒန္တနန္ဒိယထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်လက်မှတ်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲ အောင်လက်မှတ် ချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက်က သံဖြူဇရပ်မြို့ရှိ မြို့တော်ဦး ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တသီလာစာရထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ဘဒ္ဒန္တနန္ဒသာရထံမှ ဩဝါဒကထာ နာယူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်မြင်ကြသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဦးမောင်မောင် **(ယာပုံ)**၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီသောင်း၊ မြို့နယ်ဥပဇ္ဈာယကအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အမှုဆောင်များက အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ရဟန်း၊ သံဃာတော်များနှင့် ရှင်သာမဏေများ ဟိုပန်မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ

ဟိုပန် ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်မြို့တွင် သီတင်းသုံး နေထိုင်တော်မူသည့် ရဟန်း၊ သံဃာတော်များနှင့် ရှင်သာမဏေများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်လုံးကျွတ် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၂၂ရက် ညနေ ၃နာရီက ကျင်းပသည်။

ရှေးဦးစွာ ပင့်သံဃာတော်များနှင့် ရှင်သာမဏေများသည် မန်ကောင်းရပ်ကွက် မြို့မကျောင်းတိုက်မှ စတင်ကြွရောက်လာကြရာ ဈေးရပ်ကွက် လမ်းမကြီးတစ်လျှောက်တွင် နယ်မြေခံတပ်နယ်မှ အရာရှိအရာခံနှင့် မိသားစုများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မီးသတ်နှင့်ကြက်ခြေနီတပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ အထက၊ အလက၊ အမက ကျောင်းများမှ ကျောင်းသူကျောင်းသားများ၊ ဒေသခံ ပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို လစဉ်လပြည့်နေ့တိုင်း ဆက်လက်လောင်းလှူပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်သော အောက်ပုံကျေးလက် ကျောက်ချောလမ်းခင်းရန် လမ်းပြင်ဆင်မှုကို အငယ်တန်းအင်ဂျင်နီယာ(၃)ဦးဟန်မင်းထွန်း တာဝန်ယူ ဆောင်ရွက်ရာ ဒီဇင်ဘာ ၃၀ ရက်က အမှုဆောင်အရာရှိ ဦးအောင်ကိုကို ကွင်းဆင်းကြပ်မတ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁)စစ်မှုထမ်းဟောင်း စံပြရွာ (လေးဒေါင့်ကန်)သီရိဂုဏ်ဝေ ဓမ္မဗိမာန်ကျောင်းတိုက်တွင် ဆောက်လုပ်ဆဲ မဟာထေရ်၏ စံကျောင်းတော်အတွက် မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိရိပ်သာ ၂လမ်း အမှတ်၁၈ ဘီနေ ဦးစိုးအောင်–ဒေါ်ခင်စိုး မိသားစုက ဒေါ်ခင်စိုး၏ မွေးနေ့ကုသိုလ်အဖြစ်ငွေကျပ်တစ်သိန်းနှင့် ဝိပဿနာတရား အားထုတ်ကြသည့် စစ်မှုထမ်းဟောင်း အငြိမ်းစားသက်ကြီး ရွယ်အိုတို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့်တိုင်းရင်းသား ကိုရင်ငယ် ၁၄ ပါးတို့အား သင်္ကန်းဒွိစုံ ၁၄စုံတို့ကို အရှင်ပညာသီဟာဘိဝံသ (ပဋ္ဌာနိကာယ်)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသော အားဖြင့် ကျောက် ပန်းတောင်း မြို့နယ် မြလမ်း ကတ္တရာ လမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်က အဆိုပါ လမ်းထိပ် မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးညီညီလတ်၊

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘမြင့်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဆန်းရင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နမ္မတူ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေး သင်တန်းဆင်း

နမ္မတူ ဖေဖော်ဝါရီ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ်(၁/၂၀၀၈)သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၉ရက်က မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပရာ သင်တန်းသား သင်တန်းသူ ၂၅ဦး တက်ရောက်ကြသည်။

ဆုပေးအပ်

သင်တန်းဆင်းပွဲအခမ်းအနားတွင် ဆုရရှိသူများအား မြို့နယ်အသင်း အတွင်းရေးမှူး ဦးကိုကိုနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

လှူဒါန်း

အဆိုပါ အခြေခံစည်းရုံးရေးသင်တန်းများ ဆက်လက်ဖွင့်လှစ်နိုင်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် မြို့မိမြို့ဖများက အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

၇၇ ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

စမ်းချောင်းမြို့နယ်နေ ဦးအောင်မြင့်စိုး**(အပေါ်ပုံ)**သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ဖေဖော်ဝါရီ၁၄ရက်က ၇၇ ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ မြန်မာ့သစ်လုပ်ငန်း အမှတ်(၆၃)သစ်စက်တွင် ဇန်နဝါရီ၂၃ရက်က အမှတ်(၆၃)သစ်စက် စက်ရုံမှူး ဦးထွန်းသိန်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးချစ်ကိုဝင်းတို့ ဦးဆောင်၍ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ရုံသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး စက်ရုံအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကျန်းမာရေး အသိပေးဟောပြော တိုင်းရင်းဆေးဝါး ပေးအပ်လှူဒါန်း

မြစ်ကြီးနား ဖေဖော်ဝါရီ ၈

မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ တိုင်းရင်းဆေးဆရာအသင်းနှင့် ဒေသခံတိုင်းရင်းဆေးဆရာများက ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် ဓိဝိတဒါနဆေးဝါး အခမဲ့ကုသခြင်း၊ ဆေးပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ပလန(၂)ကုံကော်မြိုင်ကျေးရွာ ခရစ်ယာန် ဘုရားရှိခိုးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျူက အဖွင့်အမှာစကား ပြောကြားပြီး ကချင်ပြည်နယ် တိုင်းရင်းဆေးဆရာအသင်း အလုပ်အမှုဆောင် ဦးမင်းသိဒ္ဓိက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ် တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဦးဂျွန်လရိန်က ဆေးဝါး အခမဲ့ ကုသပေးခြင်း နှင့် ဆေးပစ္စည်း လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းတင်ပြပြီး ငွေကျပ်ကိုးသိန်းခန့်တန်ဖိုးရှိ တိုင်းရင်းဆေးဝါးမျိုးစုံကို ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းနိုင်က လက်ခံယူသည်။ **(အောက်ပုံ)**

(က–ပ)

မြင်းခြံမြို့၌ စက်ရေတွင်း တူးဖော်ပေး

မြင်းခြံ ဖေဖော်ဝါရီ ၅

မြင်းခြံမြို့နယ် ကန်နီကျေးရွာတွင် သောက်သုံးရေဖူလုံရေးအတွက် ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သုံးလက်မ စက်ရေတွင်း တူးဖော်ပေးခဲ့ရာ တစ်နာရီလျှင် ဂါလန် ၁၀၀၀နှုန်း ထွက်ရှိခဲ့သည်။

အဆိုပါစက်ရေတွင်းကို ဇန်နဝါရီ ၆ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင် ကွင်းဆင်းစစ်ဆေးပြီး စက်ရေတွင်း ရေရှည်အသုံးပြုနိုင်ရေးအတွက် ကျေးရွာရေကော်မတီမှ စနစ်တကျထိန်းသိမ်းရေး၊ စက်ရေတွင်း ထိန်းသိမ်းမှုသင်တန်း ပို့ချရေးတို့ကို ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**





ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမဇာရီမှုအမှတ်-၃၀၂

ဒေါ်သန်းနွဲ့ **နှင့်** ဒေါ်ခင်ကြည်
တရားနိုင် **တရားရှုံး**

ရန်ကုန်တိုင်းတရားရုံး၌ တရားမကြီးမှုအမှတ် ၁၉၂/၂၀၀၁ အမှုတွင် အနိုင်ဒီကရီ အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြပါပစ္စည်းများကို ၂၀၀၈ခုနှစ် မတ် ၂၅ရက် နံနက် ၁၀နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (ယခင် အင်းစိန်တိုက်နယ်) မြေတိုင်းရပ်ကွက်အမှတ် ၅၄၊ လူနေရပ်ကွက် (သမိုင်း)၊ မြေကွက်အမှတ် ၁၀ခ^၂၊ ဧရိယာ ၀ဒသမ၀၇၆ ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဦးလွန်းမောင်လမ်း အမှတ် ၁၀/ခ ဟု ခေါ်တွင်သော တစ်ထပ်တိုက်စက္ကူစက်ရုံ၊ စက္ကူစက်နှစ်လုံး၊ ဆီစက်တစ်လုံး၊ အမှုန့်ကြိတ်စက်တစ်လုံး၊ အိမ်သုံးလျှပ်စစ်မီတာ၊ လုပ်ငန်းသုံး လျှပ်စစ်မီတာ၊ တယ်လီဖုန်းတို့ တပ်ဆင်သွယ်တန်းအသုံးပြုလျက်ရှိသော အိမ်မြေဥပစာ (ယင်းဥပစာသည် တရားရှုံးနှင့် ၎င်း၏မိသားစုများ လက်ရှိနေထိုင်လျက်ရှိပါသည်။) **ကြမ်းခင်းဈေးမှာ ကျပ် ၁၅၀၀၀၀၀၀၀/-(ကျပ်သိန်းထောင့်ငါးရာတိတိ) သတ်မှတ်သည်။**

လေလံတင်ရောင်းချရမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပေ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာလည်း ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းကိုကို
တွဲဖက်တိုင်းတရားသူကြီး(၂)
ရန်ကုန်တိုင်းတရားရုံး။

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၂၁၁နှင့်ဆက်သွယ်သည့်
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်-၆

ဦးတင်မောင်ဝင်း **နှင့်** ၁။ ဦးမြတ်ဆိုင်
၂။ ဒေါ်ခင်ဆွေဦး
တရားနိုင် **တရားရှုံးများ**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ၁၂ရပ်ကွက် သစ္စာလမ်း အမှတ် ၁၃၇နေ (၁) ဦးမြတ်ဆိုင် (၂) ဒေါ်ခင်ဆွေဦး (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ် ၂၁၁တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ ရုံးတော်ကအခွင့်အမိန့်ရရှေ့နေဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၀၈ခုနှစ် မတ် ၅ရက် (၁၃၆၉ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်)မွန်းမတည့်မီ ၉း၃၀နာရီ အချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ၊ အကယ်၍ သင်မလာရောက် ပျက်ကွက်ခဲ့ပါက သင်၏ကွယ်ရာတွင် အမှုကိုဥပဒေနှင့်အညီ ဆုံးဖြတ်သွားလိမ့်မည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

အေးအေးခိုင်
တွဲဖက်တိုင်းတရားသူကြီး (၉)
ရန်ကုန်တိုင်းတရားရုံး။

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြဝတီရုပ်မြင်သံကြားမှ အပတ်စဉ် စနေနေ့ ညနေတိုင်း ထုတ်လွှင့်နေကျဖြစ်သည့် သရုပ်ဆောင်ကမ္ဘာ အစီအစဉ်၏ ပင်တိုင်ဒါရိုက်တာဖြစ်သူ **ဦးဇော်မြင့်ဦး** သည် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီဆု)ချီးမြှင့်သည့်ပွဲတွင် ဇာတ်ညွှန်းအကယ်ဒမီဆုကို ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့သည့်အတွက် သရုပ်ဆောင်ကမ္ဘာ ဝါသနာရှင်များနှင့် ကောင်းဟိန်းကုမ္ပဏီမိသားစုမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း ယခုကဲ့သို့ ဆုတံဆိပ်များ နှစ်စဉ်ဆက်တိုက် ရရှိနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကောင်းဟိန်းကုမ္ပဏီလီမိတက်။

ဒေါ်ခင်ငြိမ်းသီတာ

တိုင်းရင်းဆေးစွမ်းကောင်းများ

* အကြောအားတိုးဆေးပြား/ဆေးတောင့်
* အဆီကျဆေး၊ သလိပ်ကြေဆေး
* အကိုက်အခဲပျောက်အဖျားဖြတ်ဆေး
* အစာကြေရင်ချောင်ဆေး
* အထက်လှန်အောက်လျှောသောက်ဆေး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
ကြံခင်းမြို့နယ်တရားရုံး
၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၃

ဦးဝင်းနိုင် (လက်ထောက်စက်ရုံမှူး) ဘိလပ်မြေစက်ရုံ၊ ကြံခင်းမြို့။ **နှင့်** ၁။ ဦးကျော်ဝင်းထွန်း (ယခုနေရပ်လိပ်စာမသိ) ၂။ ဒေါ်ခင်မာဝင်း ခရီနီကျေးရွာ၊ ဝါးရုံစွန်းကျေးရွာအုပ်စု၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း။
တရားလို **တရားပြိုင်များ**

ဦးကျော်ဝင်းထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။ သင့်အပေါ်၌ ဦးဝင်းနိုင်က ကတိပျက်လျော်ကြေးငွေကျပ် ၅၀၀၀၀၀/- (ကျပ်ငါးသိန်းတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး၊ အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (၁၃၆၉ခုနှစ် တပို့တွဲလပြည့်ကျော် ၇ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လှအောင်
ဒုတိယမြို့နယ်တရားသူကြီး
မြို့နယ်တရားရုံး
ကြံခင်းမြို့။



ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

၁ယ/၁၂၈၁၉ Honda Dream ယာဉ်လက်ဝယ်ရှိသူ မောင်လှဝင်း ၁၃/တကန(နိုင်)၁၂၁၃၁၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။ **ကညန၊ တောင်ကြီး။**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဗမ/၂၇၄၁ လော်ဂျားမော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးဆိုင်းအောင် ၁/ဗမန(နိုင်)၀၀၄၄၄၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါ ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ဗန်းမော်မြို့)။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း တာမွေမြို့နယ် (ရွာမ)ရပ်ကွက် ဗျိုင်းရေအိုးစင်လမ်း အမှတ် ၅/၁၁ E-1 နေ အဖ ဦးမြင့်စိုး၊ အမိ ဒေါ်စမ်းစမ်းအေးတို့၏ သမီး မဝင့်ဝါလွင်စိုးဇင် ၁၂/ရကန (နိုင်) ၀၇၃၁၆၅ သည် ခွင့်မလွှတ်နိုင်သည့် ကိစ္စများပြုလုပ်သွားပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျိုးလုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မိခင်- ဒေါ်စမ်းစမ်းအေး
၁၂/ရကန(နိုင်)၀၅၁၀၆၂။



ရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးကျော်နိုင်နှင့်အဖွဲ့ ဇန်နဝါရီ ၁၀ရက်က လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော အောင်ဇေယျလမ်း(မြို့ပြ)ကျောက်ချောခင်းမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကိုကိုအောင်တို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ကျေးလက်ရေပေးရေး သာမန်ပြင်ထိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော လက်ပံကျေးရွာ ကျေးလက်စက်ရေတွင်းမှ ကျေးလက်ပြည်သူများ သောက်သုံးရေခပ်ယူသုံးစွဲမှု ကြည့်ရှုစစ်ဆေးပြီး လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းက စက်ရေတွင်း ရေရှည်အသုံးပြုနိုင်ရေး ပိုင်းဝန်းထိန်းသိမ်းပေးရန် ဆွေးနွေးပြောကြားစဉ်။ (မြို့နယ်စည်ပင်)



မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် အရိပ်ရပင်၊ ပန်းအလှပင်၊ ရာသီအလိုက် အပွင့်ပန်းပျိုးထောင်စိုက်ပျိုးနေမှုနှင့် ပျိုးပင်များ ပျိုးထုပ် ဆောင်ရွက်မှုကို ဇန်နဝါရီ ၃၀ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

တက္ကသိုလ်ဝင်စာမေးပွဲ ကြေညာချက်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၀၀၈ခုနှစ် မတ်၁၀ရက်မှ ၁၉ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်တောင်းထားကြသော ကျောင်းသား ကျောင်းသူများသိရှိရန် ကြေညာလိုက်သည်။

တစ်ပြည်လုံးရှိ နယ်စာစစ်ဌာနအသီးသီး၌ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဝင်ခွင့်ကတ်ပြားများနှင့် ခုံအမှတ်စာရင်းများကို သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများထံသို့ ပေးပို့ထားပြီးဖြစ်ရာ မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card) များကို သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (ကြာသပတေးနေ့)မှစတင်၍ စာမေးပွဲရက်မတိုင်မီ ကြိုတင်စုံစမ်း မေးမြန်းထုတ်ယူကြရန်ဖြစ်သည်။

ခုံအမှတ်နှင့် စာစစ်ဌာန

ရန်ကုန်မြို့ စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ် အသီးသီး၌ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ခုံအမှတ်စာရင်းများနှင့် စာစစ်ဌာနစာရင်းများကို မြို့နယ်အလိုက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၉ရက် (သောကြာနေ့)မှစတင်၍ ကပ်ထားပေးမည်ဖြစ်သည်။

ထုတ်ယူနိုင်

ရန်ကုန်မြို့ စည်ပင်သာယာ နယ်နိမိတ်အတွင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို ၂၀၀၈ခုနှစ် မတ်၄ရက် (အင်္ဂါနေ့)မှစတင်၍ အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ)နှင့် (တွဲဖက်) အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာ မိမိတို့၏ကျောင်းအုပ်ကြီးများ ထံမှ လည်းကောင်း၊ ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့် ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူး များထံမှလည်းကောင်း ထုတ်ယူနိုင်ကြသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေ ငရုတ်ကောင်းမြို့ ရေကျော်ကျေးရွာအုပ်စု စမ်းချောင်းကျေးရွာတွင် ကမ်းခြေမြေသားလမ်းအား စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် ဖေဖော်ဝါရီ ၁၅ရက်က ငပုတောမြို့နယ် ငရုတ်ကောင်းမြို့သို့ ရောက်ရှိ၍ ဌာနဆိုင်ရာများ၏ ခြစည်းရိုးကြက်ဆူပျိုးပင် ၂၁၆၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား ထောက်ပံ့ငွေများကို ပေးအပ်ကာ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းများအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၂ ✻

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့်ဖြစ်ထွန်းမည်။

ဆောင်းအေးဆဲ

၂၁-၂-၂၀၀၈

လွိုင်လင်	၁ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၄ ဒီဂရီစင်တီဂရိတ်

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC

လေလှိုင်းပေါ်က လူသတ်သမားများ

ပြည်သူအားလုံး သတိထား